# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့် ၊ တနင်္လာနေ့ ၊ (29-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစောအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၆)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၆)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၈**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၀) စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ စာမျက်နှာ ၁၆ ကော်လံ ၁

### မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၇/၂၀၂၆)ထုတ်ပြန်

စာမျက်နှာ - ၁၉

### ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၇၀၂၁ ဦးရှိ

စာမျက်နှာ - ၁၈

### ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ အောင်မြင်သူ ၂၃၂၀၃ ဦးရှိခဲ့

စာမျက်နှာ - ၁၇

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် စတင်ထုတ်ပြန်သည်။ အဆိုပါအောင်စာရင်းကို နံနက် ၄ နာရီတွင် Online မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ရာ စာစစ်ဌာနအလိုက် အောင်စာရင်းများကို www.myanmarexam.org တွင်လည်းကောင်း၊ ခုံအမှတ်ထည့်သွင်း၍ ကြည့်ရှုနိုင်သော အောင်စာရင်းကို result.dme.gov.mm တွင်လည်းကောင်း ထုတ်လွှင့်သည်။

ထို့ပြင် သက်ဆိုင်ရာစာစစ်ဌာနများ၊ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်း အောင်စာရင်းကြေညာချက်များကို နံနက် ၆ နာရီမှစတင်၍ ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၂ ကော်လံ ၁

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

### မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၂၈၃၉၃ ဦးရှိ



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆွေမျိုးများ လာရောက်ကြည့်ရှုစဉ်။



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ မသီရိစိုးကို တွေ့ရစဉ်။

**မန္တလေး ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်နိုင်ငံလုံး ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၄၅၆၃၅ ဦးရှိသည့်အနက် အောင်မြင်သူ ၂၈၃၉၃ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နံနက် ၆ နာရီမှစတင်ကာ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၂၉ ရက်
အယ်ဒီတာ့အာဘော်

## နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပခြင်း၊ လူငယ်များပါဝင်သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို မြှင့်တင်ခြင်းနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အစိုးရက အလေးပေးဆောင်ရွက်လျက်ရှိပေသည်။

နယ်စပ်ဒေသအများစုသည် သွားလာရန်ခက်ခဲခြင်း၊ ဆက်သွယ်မှုခက်ခဲခြင်း၊ တောတောင်ထူထပ်သည့်နေရာ မြစ်ချောင်း၊ အင်းအိုင် ပေါများသည့်ဒေသများ၊ လူဦးရေနည်းပါးသည့် နယ်မြေ၊ ဘာသာစကားကွဲပြားသည့် နေရာများဖြင့် နိုင်ငံ့ဝန်ထမ်းများ အရောက်အပေါက်နည်းပါးသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

**"မိမိတို့အစိုးရ တာဝန်ယူချိန်တွင် တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ဆောင်ရွက်မည်၊ နိုင်ငံရေးမျှော်မှန်းချက်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်ဆောင်ရွက်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများမဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"** ဇွန် ၂၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကော်မတီ အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

နယ်စပ်ဒေသများငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆိုပါဒေသများတွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြှင့်တင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိလာစေရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှုများ ယခုထက်ပိုမိုကောင်းမွန်လာစေရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ ရောက်ရှိစေရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ နယ်စပ်ဒေသတိုင်းရင်းသားများအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရပ်များသင်ကြားပြီးဆုံးသည့်အချိန်တွင် ၎င်းတို့ဒေသ၌ပင် သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို ဝင်ရောက်ထမ်းဆောင်ခြင်းတို့ဖြင့် မိမိတို့၏နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဆူကြုံနိမ့်မြင့်ကွာခြားမှုများကို နည်းပါးအောင် တစ်ဖက်မှ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများ ဆောင်ရွက်နေသကဲ့သို့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသောကြောင့် နယ်စပ်ဒေသတိုင်းရင်းသားများ၊ အဆိုပါဒေသများတွင် တာဝန်များသွားရောက်ထမ်းဆောင်မည့် နိုင်ငံ့ဝန်ထမ်းများက နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## သာစည်မြို့နယ် နှမ်းကန်ကျေးရွာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက နှမ်းကန်ကျေးရွာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်မွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက နှမ်းကန်ကျေးရွာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်မွန်က တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားခဲ့သည်။

အဆိုပါ နှမ်းကန်ကျေးရွာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သာစည်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၅၇၁ သန်းဖြင့် လမ်းအရှည် ၁ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇွန်လ ပထမပတ်မှ စတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခု အခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၇၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၇၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၀၁၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၉၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အစေ့ထုတ်ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

(၂၀၆)

## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငှက်ပျောအစုံ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငှက်ပျောအစုံ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်းက ငှက်ပျောအစုံအဖီးရေ ၄၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငှက်ပျောသီးအစုံအဖီးရေ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"မေလထဲမှာ ငှက်ပျောအစုံ ရန်ကုန်ဈေးကွက်ဘက် တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောတွေကဝယ်လိုအား များနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများသည် ဖီးကြမ်း အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင်ငွေကျပ် ၉၉၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ်၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်း ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအေးပိုက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဆွေသန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီယောဓမြင့်သိန်း၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်အောင်တို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများက မိမိတို့ဒေသအလိုက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်သူ့စကားဝိုင်းသို့ ကျေးလက်နေပြည်သူ အင်အား ဦးရေ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**

# ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်းကျေးရွာအုပ်စု လက်ပံကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လက်ပံကုန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံကုန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ရန်ပုံငွေကျပ် ၅၄၄ သိန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**မောင်ခိုင်**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၂၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၂၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၈၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲစင်းငုံဧက ၅၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ခပေါင်းကုန်းကျေးရွာ၌ တောင်သူများကို စိုက်ပျိုးရေးသွင်းအားစုများပေးအပ်

**ကျောက်ပန်းတောင်း ဇွန် ၂၈**

၁၀၄ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနက ခပေါင်းကုန်းကျေးရွာအုပ်စု ခပေါင်းကုန်းကျေးရွာရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲကို ဇွန် ၂၇ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်အေးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ခပေါင်းကုန်းကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းသား တောင်သူ ၅၈ ဦးတို့အတွက် ဖြိုးမောက် ယူရီးယားဓာတ်မြေဩဇာ ၅၈ အိတ်ကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားသို့ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ခပေါင်းကုန်းကျေးရွာရပ်မိရပ်ဖများနှင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ စုစုပေါင်း ဦးရေ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်နေဦး**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မေလအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ကျားပျံဆန် အိတ်ရေ ၅၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မြန်အောင်မြို့နယ်ကနေ ဆန်စပါးတွေအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျားပျံဆန်အမျိုးအစားက ဆန်ချောအုပ်စုထဲမှာတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ်ကောင်းနေပါတယ် ''ဟု မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန်၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လုံ့လ ဝီရိယ စိုက်ရ

**ချစ်နိုင်(စိတ်ပညာ)**

**"ငယ်ဘဝက သတိရစရာ၊ မှတ်မိစရာဆိုတာတွေဟာ လူတစ်ဦးတစ်ယောက် သယ်ဆောင်နေရတဲ့ အကြီးမားဆုံးဝန်ပဲ။ ဘယ်လိုကြီးဖြစ်နေနေ၊ ကျွန်တော်တို့အဖို့ကတော့ သယ်ဆောင်သွားရင်း တန်ဖိုးထားနေရတော့မှာပဲ"**

**တရုတ်စာရေးဆရာ စူထုံ**

(မြင့်သန်း ဘာသာပြန် စူထုံဝတ္ထုတိုများမှ)

နှစ်ဆယ်ရာစုထဲမှာ ၁၉၅၀-၁၉၆၀ ကာလဆီက လူငယ်များဟာ ယနေ့ ၂၁ ရာစုရောက်လာတော့ သူတို့ တရုတ်နိုင်ငံဝယ် လူကြီးများဖြစ်နေကြပြီပေါ့။ ဟိုစဉ်အချိန်က ပါတီဥက္ကဋ္ဌကြီး မော်စီတုံးက သူတို့ကို "မနက် ရှစ်နာရီ၊ ကိုးနာရီ နေရောင်လို လူငယ်စာရင်းဝင်တွေ"လို့ ဖော်ညွှန်းတင်စားခဲ့တာနော်။ အားတက်စရာပါပဲ။ ဒီလိုပါပဲ။ ယနေ့အချိန်အခါ မြန်မာပြည်သား အသက် ၂၀ ဝန်းကျင် လူငယ် လူရွယ်တွေဟာ အဖူးနဲ့ အငုံ၊ နောင်အခါ ပွင့်လာမဲ့ မျိုးဆက်သစ်တွေ မဟုတ်ဘူးလား။ ဆင်းရဲချမ်းသာ အနိမ့်အမြင့်သာ ကွာခြားကောင်း ကွာခြားမယ်။ ခေတ်တစ်ခုကိုတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် ကပြလှုပ်ရှားကြရတော့မှာတော့ သေချာတယ်လေ။ (အမျိုးသားရော၊ အမျိုးသမီးရောပါ)။ ဒီအချက်ကို အလေးအနက်ထားမိရင် နောင်အနာဂတ်နှစ်ကာလ ၃၀ (၂၀၅၅-၂၀၆၀) အချိန်မှာ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်ကို သာယာလှပစေချင်ရင် ယနေ့ ဆယ်ကျော်သက်၊ အသက် ၂၀ ဝန်းကျင်လူငယ်လေးများကို စာဖတ်သူတို့ စာရေးသူတို့အားလုံးဟာ အလေးထားပြီး ဥယျာဉ်မှူးများလို အလေးထား ပြုစုပျိုးထောင်ရမယ် မဟုတ်လား။ လူငယ်လေးတွေ အရည်အသွေးပြည့်ဝထက်မြက်နေအောင် ယနေ့က စပြီး အရေးတကြီး မြှင့်တင်လေ့ကျင့်ပေးရမှာပေါ့။ သူတို့ကိုယ်တိုင် ဖန်တီးရမယ့်အနာဂတ် ခရီးအတွက်လည်း ပြင်ဆင်လေ့ကျင့်ရမယ်။ သင်ယူမှတ်သားရမယ်။ အားထုတ်ကြိုးစားရမယ်ဆိုတဲ့ အမြင်မှန်နဲ့ ရည်ရွယ်ချက်အမှန် ချမှတ်ရွေးချယ်နိုင်စေရပါမယ်။ စာမတတ် ပေမတတ်၊ ဗဟုသုတခေါင်းပါး၊ သမိုင်းလည်းနားမလည်၊ ပထဝီဝင်ကိုလည်း မမြင်ဖူးမကြားဖူးဘဲ သူတစ်ပါးမှိုင်းတိုက် ဆွဲဆောင်ရာကိုပဲ အဟုတ်မှတ်ထင် လိုက်ပါရမ်းကားတဲ့အထိ မိုက်လုံးကြီးတာမျိုးတွေတော့ နောင်အခါလုံးဝမရှိစေရပါ။

ဘယ်သူ့ကိုမှ အပြစ်ရှာ အပြစ်တင်ဖော်ပြမနေစေချင်ပေမယ့် မိဘကော၊ ဆရာသမားများ၊ ဆွေမျိုးသားချင်း အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်ကလူတွေဟာ တကယ်တော့ အမှားမကင်းဘူး။ တာဝန်ရှိခဲ့တာပဲ။ ပြီးပြီးသားမို့ ရှိပါစေတော့။

စနစ်သစ်တစ်ခု၊ ခေတ်သစ်တစ်ခု၊ အပြောင်းအလဲတစ်ခု ကြီးကြီးမားမား ပြောင်းလဲသွားချိန်မှာတော့ ကောင်းတဲ့အရာ၊ အဖိုးတန်တာတွေ၊ မှန်ကန်တာတွေကို သေသေချာချာ ဆက်လက်သယ်ဆောင်သွားရပါမယ်။

မှားယွင်းခဲ့တာတွေ၊ ချွတ်ယွင်းလွဲချော်ခဲ့မိတာတွေ၊ အခြေအနေနဲ့ အချိန်အခါနဲ့ မဆီလျော်တော့တဲ့ ချို့တဲ့မှု၊ အားနည်းချက်တွေတော့ ထားရစ်ခဲ့ပေါ့။ ဆက်လက်ယူငင်မလာနဲ့တော့လေ။

လူ့ဘဝကို အောင်အောင်မြင်မြင် ဖြတ်သန်းရင်ဆိုင်နိုင်ဖို့ဆိုရင် သမ္မပ္ပဓာန်လေးပါးဆိုတာ သိထားရမယ်။ ကျင့်သုံးရမယ်လေ။ သမ္မပ္ပဓာန်တရားလေးပါးဆိုတာဘာလဲ။ ကောင်းစွာအားထုတ်ခြင်း ဝီရိယလေးပါးပါပဲ။

၁။ ပြုမိပြီးတဲ့ အကုသိုလ်မကောင်းမှု၊ အပြုအမူကိစ္စတို့ကို အာရုံထားမနေတော့ဘဲ ပြန်လည် မအောက်မေ့ဘဲ တစ်ခါထဲ စွန့်ပယ်ထားလိုက်မှု။
၂။ မဖြစ်ပေါ်သေးတဲ့ အကုသလဓမ္မ (မှားယွင်းခဲ့မှုမျိုးကို)ဆက်မဖြစ်အောင်၊ ထပ်မလုပ်မိအောင် အာရုံစိုက်အားထုတ်(ရှောင်ကြဉ်)မှု။
၃။ ယခင်က မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားအမျိုးမျိုးကိုပြုဖို့၊ ကျင့်ကြံဖို့၊ လေ့လာအားထုတ်မှု။
၄။ ပြုခဲ့ဖူး၊ ဖြစ်ခဲ့ဖူးတဲ့ ကုသိုလ်အစုစုကိုတော့ အဖန်ဖန်အထပ်ထပ် အောက်မေ့ပွားများ၊ သတိရအောင် အားထုတ်မှုပြုကြရမယ်။

အောင် စားလွန်းလို့ပဲတဲ့။ သတိထားစရာ ကောင်းတယ်။ ဒဂုံပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးမှာကြားခဲ့တာက အစာအာဟာရနဲ့ပတ်သက်တာပါပဲ။

အသက်ရှည်စေတဲ့အကြောင်းတရား ငါးပါးဆိုတာ လူငယ်လူရွယ်များလည်း သိရှိထားသင့်တယ်။ အရေးကြီးတယ်နော်။ အင်မတန် အဖိုးတန်တယ်။

၁။ မိမိနဲ့ သင့်လျော်ရာကိုသာပြုခြင်း။
၂။ ထိုသင့်လျော်ရာကို ပြုခြင်း၌ပင် အတိုင်းအရှည်ကို သိခြင်း။
၃။ ငါးပါးသီလနဲ့ ပြည့်စုံခြင်း (အထူးသဖြင့် မေထုန်မှုနည်းခြင်း)။
၄။ ကြေကျက်လွယ်တဲ့အစာကိုသာ စားခြင်း။
၅။ မိတ်ဆွေခင်ပွန်းကောင်းများရှိခြင်းတဲ့။

**❖ သမ္မပ္ပဓာန်ဝီရိယ လေးပါးဆိုတာဟာ ဘဝခရီးတစ်လျှောက်လုံးမှာ သတိထားအားစိုက်ကြိုးစားရပါတယ်။ လက်စွဲပြုခဲ့သူများ အောင်မြင်တိုးတက်တယ်။ သိလည်းမသိဖူးဘူး။ ကြားလည်းမကြားဖူးဘူး၊ ဒါကို အမြဲတစေသတိထားပြီး ကြိုးစားအားထုတ်ရကောင်းမှန်းတောင် မသိဘူးဆိုတဲ့ လူငယ်အချို့ဟာ မျက်လုံးပါပါလျက်နဲ့ ကန်းတဲ့လူလိုပဲ။ ဆင်ကန်းတောတိုး ဆင်းရဲဒုက္ခကြုံရမှာပဲ။ ဒီအချက်ဟာ ဘဝနဲ့ယှဉ်ပြီး လေးနက်ပါတယ်။ တန်ဖိုးရှိပါတယ်။ နိုင်ငံ၊ လူမျိုးကောင်းစားရေး၊ ကောင်းကျိုးပြုနိုင်ရေးအတွက် လူငယ်လူရွယ်တွေဟာ ကိုယ်ကျန်းမာ၊ စိတ်ကြံ့ခိုင်၊ စိတ်ဓာတ်မြင့်မား၊ စည်းကမ်းရှိမှုဖြစ်ကြပါမယ်။ ❖**

သမ္မပ္ပဓာန်ဝီရိယ လေးပါးဆိုတာဟာ ဘဝခရီးတစ်လျှောက်လုံးမှာ သတိထားအားစိုက်ကြိုးစားရပါတယ်။ လက်စွဲပြုခဲ့သူများ အောင်မြင်တိုးတက်တယ်။ သိလည်း မသိဖူးဘူး။ ကြားလည်း မကြားဖူးဘူး၊ ဒါကို အမြဲတစေ သတိထားပြီး ကြိုးစားအားထုတ်ရကောင်းမှန်းတောင် မသိဘူးဆိုတဲ့ လူငယ်အချို့ဟာ မျက်လုံးပါပါလျက်နဲ့ ကန်းတဲ့လူလိုပဲ။ ဆင်ကန်းတောတိုး ဆင်းရဲဒုက္ခကြုံရမှာပဲ။ ဒီအချက်ဟာ ဘဝနဲ့ယှဉ်ပြီး လေးနက်ပါတယ်။ တန်ဖိုးရှိပါတယ်။

နိုင်ငံ၊ လူမျိုးကောင်းစားရေး၊ ကောင်းကျိုးပြုနိုင်ရေးအတွက် လူငယ်လူရွယ်တွေဟာ ကိုယ်ကျန်းမာ၊ စိတ်ကြံ့ခိုင်၊ စိတ်ဓာတ်မြင့်မား၊ စည်းကမ်းရှိမှုဖြစ်ကြပါမယ်။

ပထမ ကျန်းမာကြံ့ခိုင်ဖို့ ကိုယ်ကာယပိုင်းနဲ့ပတ်သက်ရင် အစားအစာကိစ္စ ပထမဖော်ပြပါရစေ။ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာစေတီအနီးရှိ ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘုရား အရှင်ဂုဏောနန္ဒက စာရေးသူကို မိန့်ကြားဖူးတယ်။ ကျန်းမာအောင်နေထိုင်တတ်ဖို့မှာ အစားအစာ အရေးကြီးတယ်တဲ့။

"သဗ္ဗေ သတ္တာ အာဟာရ တိဋ္ဌိကာ"တဲ့။

ဘယ်လိုစားရမလဲ။ ဒီသုံးချက်သာ မှတ်ထားဗျာတဲ့။ ဆာမှစား၊ တည့်တာစား။ (မတည့်တာမစားနဲ့)၊ လျှော့စား။ (ဝအောင်ဗိုက်တင်းအောင် မစားနဲ့)၊ အကျယ်မပြောတော့ပါဘူး။ လူတွေ နာကြ၊ သေကြ၊ ဒုက္ခရောက်တာဟာ မတည့်တာစားမှုနဲ့၊ အဝလွန်

ရှေးလူကြီးသူမတွေထားခဲ့တဲ့ အဆုံးအမများကို လေးလေးစားစား မှတ်သားလိုက်နာခဲ့တဲ့အပြင် စိတ်ပိုင်းဆိုင်ရာလည်း အရေးကြီးတာပဲလို့ ခံယူတဲ့အတွက် မိမိဟာ လောကအတွက်ဖြစ်စေရမယ်။ လောကဟာ မိမိအတွက် မဖြစ်စေရ၊ ငါကပေးသူသာ ဖြစ်ရစေမယ်။ ငါက (လောဘကြီးတဲ့ငါ့အတွက်) ယူချင်သူမဖြစ်စေရ၊ သင့်တင့်လျောက်ပတ်ရာမှာ ရောင့်ရဲတင်းတိမ်မယ်။ လောဘ၊ ဒေါသ၊ မာန၊ အကုသိုလ်စိတ်တွေ နည်းပါးအောင် စိတ်ဖြူ၊ နှုတ်ဖြူ၊ အပြုအမူ၊ အလုပ်အကိုင် သန့်ရှင်းစင်ကြယ်အောင် ကြိုးစားအားထုတ်ပါတယ်။

ဆရာ မိဘများရဲ့ ဆုံးမစကား၊ သွန်သင်မှာကြားချက်များကို ဦးထိပ်ထားလေးစားတဲ့အတွက် မေတ္တာခြံတော့ လုံတာပေါ့ကွယ်။ မေတ္တာနဲ့ သူတစ်ပါးကို ဆက်ဆံတော့ မှန်ပမာပါပဲ။ ပြုံးပြုံးရွှင်ရွှင်နဲ့ လေးလေးစားစား ဘာအကူအညီပေးရမလဲ။ ကူညီနိုင်တာ မည်းမည်း ကူညီပေးခဲ့လေတော့ မိမိဘဝအခက်အခဲ အနိမ့်အဆင်း ကျရောက်ရတဲ့အခါမှာလည်း တောင်းစရာမလိုဘဲ ကူညီဖေးမ၊ ဝိုင်းဝန်းစောင့်ရှောက်ကြတဲ့ သူတွေ၊ မိတ်ကောင်းဆွေကောင်း ရဲဘော်ရဲဘက်ကောင်းတွေ အများကြီးပါပဲ။ အားလုံးကို ကျေးဇူးမမေ့ပါဘူး။ ကျေးဇူးအထူးတင်ရပါရဲ့။

စာဖတ်သူရော၊ စာရေးသူပါ၊ လူ့သဘော လူ့သဘာဝအရ သွားနေကျလမ်းကို သွားလေ့ရှိပါတယ်။ လုပ်နေကျအလုပ်ကို လုပ်လေ့ရှိပါတယ်။ ပြောနေကျစကားကို ပြောလေ့ရှိပါတယ်။ ပြုနေကျအပြုအမူကိုပဲ ပြုနေလေ့ရှိပါတယ်။

တူရာတူရာ စုမိတတ်ကြတယ်။

ဘုရားသွားကျောင်းတက်၊ သီလယူ၊ ဥပုသ်သီတင်းဆောက်တည်ပြီး တရားဘာဝနာ ပွားသူချင်းပဲ ဆုံတွေ့လေ့ရှိကြတယ်။ ကောင်းရာကောင်းကြောင်း စကားတွေ ဆွေးနွေးမေးမြန်းလေ့ရှိတာပဲ။

အရက်ကြိုက်သူချင်း ညနေခင်းအရက်ဆိုင်မှာ ဆုံမိကြတာပေါ့။ ဖဲရိုက်သူအချင်းချင်း ဖဲဝိုင်းရှိရာ သွားမိကြတာပေါ့။ အလားတူပါပဲ အပျော်ရှာချင်သူတွေလည်း အညီရှိရာကို ယင်အုံသလိုရောက်သွားတတ်တယ်လေ။

အကျင့်တူ၊ စရိုက်တူ၊ ဝါသနာတူမှ မိတ်ဆွေအပေါင်းအသင်း ဖြစ်တတ်ကြတာပဲ။ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ၊ တစ်ခါနှစ်ခါ ပြုတာထက်၊ အကြိမ်ကြိမ်အဖန်ဖန်၊ ထပ်ကာထပ်ကာ ပြုမိတဲ့ "အလေ့အထ"ဟာ စွဲမြဲတတ်တယ်။

ဒါန၊ သီလ၊ ဘာဝနာ၊ ကောင်းမှုကုသိုလ် ကြိုးပမ်းရာဖွေသူချင်းဟာ ကောင်းမှုလမ်းကြောင်းတွေပေါ်မှာ ဆုံစည်းဖြစ်ကြတာပေါ့။

သောက်တတ်သူ၊ စားတတ်သူ၊ ငွေလွယ်လွယ်ရအောင် ဖြတ်လမ်းကရှာပြီး ပေါပေါများများ သုံးဖြုန်းပျော်ပါးတတ်သူချင်းလည်း အပျော်ရှိရာ နေရာတွေဆီသို့ အလေ့အထအဖြစ် ရောက်သွားကြတာပဲပေါ့။

**"အလေ့အထဆိုတာ အားကစားပဲဖြစ်ဖြစ်၊ အနုပညာပဲဖြစ်ဖြစ်၊ အတတ်ပညာ၊ ကျွမ်းကျင်မှုအရာအမျိုးမျိုးပဲဖြစ်ဖြစ် ဒီဂရီရေချိန်က ထပ်ကြိမ်များလာရင် တက်တာပဲ။** အကျယ်မပြောတော့ပါ။ အဆို၊ အက၊ အတီး၊ ဆိုင်းပညာ၊ ဇာတ်သဘင် စတာအားလုံးဟာ အလေ့အထ လေ့ကျင့်မှုများလေလေ ကျွမ်းကျင်မှု သိသိသာသာ တိုးတက်လေလေပါပဲ။

လက်ဖွေ့၊ ကြက်တောင်၊ ဘောလုံးကန်ခြင်း၊ ဘာပဲဖြစ်ဖြစ်၊(ထင်သာအောင်ပြောရရင် အကုသိုလ်ဖြစ်ဖြစ်၊ ကုသိုလ်ဖြစ်ဖြစ်) အကြိမ်ကြိမ် ပြုလုပ်တာတွေဟာ အားကြီးတယ်။ တိုးတက်တယ်။ အဲဒီအစွမ်းပေါ်ထွက်ခြင်းသဘောကို အာစိဏ္ဏကံလို့ ခေါ်ပါတယ်။

မကောင်းမှုဆိုတာသိရင် ရပ်ဖြစ်အောင်ရပ်။

ဒါဟာ ကောင်းမှု(ဒါန၊ သီလ၊ ဘာဝနာ၊ မေတ္တာ) ဆိုတာသိလာပြီဆိုရင် စဖြစ်အောင်စ၊ အဆက်မပြတ်၊ အကြားအလပ်မရှိအောင် အကြိမ်ကြိမ် အထပ်ထပ်၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အကြိမ်ကြိမ်ကြိုးစားပြီး ဆက်လုပ်ပေရော့။ အကျိုးကြီးပေးတာ အံ့သြစရာ တွေ့ရမယ်။

ဘဝမှာ အာစိဏ္ဏကံကို သင်ပဲဖန်တီးနိုင်တာပဲ။

ဒီဆောင်းပါးကို နှစ်ခေါက်၊ သုံးခေါက် ဖတ်ကြည့်ရင် သိသိသာသာ ရှင်းရှင်းလင်းလင်း သိမြင်ပြီးအကျိုးရပါမယ်။ ပဋ္ဌာန်း ၂၄ ပစ္စည်းထဲမှာလည်း အကြိမ်ကြိမ်အဖန်ဖန် အားထုတ်ခြင်းရဲ့ခွန်အား (စွမ်းအား)ကြီးသောအကြောင်း (Repeatation Power Cause) သိမြင်ရမယ်။ ကိုယ်တိုင်ကြိုးစားသူများ အမှန်တကယ် လက်တွေ့လမ်းကောင်းလမ်းမှန်နဲ့ အံ့သြစရာကြီးမားထွန်းကားသွားကြတာပဲလေ။

နိဂုံးချုပ်ပြီနော်-

**အာစိဏ္ဏကံဆိုတာ ဘာလဲ။ မပြတ်မလပ် ပြုအပ်သောကံသည်လည်းကောင်း၊ တစ်ကြိမ်ပင်ပြုရသော်လည်းနှစ်သက်လှသည်ဖြစ်၍ နေ့ညမပြတ် မှီဝဲအပ်သည့် ကံသည်လည်းကောင်း၊ အာစိဏ္ဏကံမည်၏။**

**သမ္မပ္ပဓာန်တရား၊ လုံ့လကြိုးစားမှုဖြင့် ဝီရိယစိုက်ကြပေရော့။ အောင်မြင်ပါစေ။**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## မေတ္တာသည်သာ

- ဘုရားရှင် အရိပ်အောက်
  နားခိုရောက် များသူငါ၊
  ဖြဟ္မစိုရ် တရားလေးပါး
  ပွားများအစဉ်သာ၊
  အမုန်းမရှိ အချစ်ကမ္ဘာ
  တည်ဆောက်ကာ ရှေ့ဆက်လှမ်း၊
  စိတ်ထားဖြူ နှလုံးလှ
  အေးမြစိတ်ဝမ်း။
- ဘဝဝယ် ခရီးကြမ်း
  မေတ္တာပန်း ပန်ဆင်၊
  တစ်နေ့တာ ဆောင်ရွက်သမျှ
  လောဘကင်းစင်၊
  ကိုယ်ကျင့်ကောင်း ရိုးဂုဏ်ခင်
  ကောင်းစိတ်ဝင် အများအကျိုး၊
  ကိုယ့်အကျိုးကို မငဲ့ကွက်
  ထမ်းရွက်သယ်ပိုး။
- မေတ္တာသည် ခွန်အားတိုး
  အားဆေးတစ်မျိုးမို့ သောက်သုံးပါ၊
  ခန္ဓာကိုယ် စိတ်ရွှင်လန်း
  ကျန်းမာချမ်းသာ၊
  ဘုရားတရား မြတ်သံဃာ
  မိဘဆရာ ဦးထိပ်ထား၊
  မေတ္တာရေ ကိုယ်စီဖျန်းတော့
  လူတိုင်းသည်...
  အေးချမ်းစေသား။ ။

ချစ်သက်(မြန်မာစာ)

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၁၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကြံ ၆၁၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် ကြံ ၆၂၄၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ကြံ ၆၂၄၉၃ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၁၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့်ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကိုလည်း စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေး စိုက်ပျိုးကြကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးကပြောပြ၍ သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် ဥသျှစ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥသျှစ်မျှော်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုလေး

# ပြင်ဦးလွင်မြို့နယ် ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၆၃ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကိုငွေကျပ် ၅၅၃ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကိုငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆၃သိန်း ထုတ်ချေးပေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။

အောင်ရဲကျော်

# နိုင်ငံတကာ သတင်းများ

## လာမည့် ရက်သတ္တပတ်များအတွင်း ရာထူးမှနုတ်ထွက်ပေးမည်ဟု ဆားဘီးယားသမ္မတ ကြေညာ



**ဘဲလ်ဂရိတ် ဇွန် ၂၈**

လာမည့် ရက်သတ္တပတ်များအတွင်း ရာထူးမှနုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်က ဇွန် ၂၇ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း သမ္မတ အလက်ဇန်းဒါးဗူဆစ်က ကြေညာခဲ့ပြီးနောက် ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် လမ်းပွင့်ခဲ့ပြီဖြစ်သည်။

လူငယ်များ ဦးဆောင်သော ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဆားဘီးယားသမ္မတက ကြေညာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ရာထူးမှနုတ်ထွက်ပေးမည့် အချိန်ကာလ အတိအကျနှင့် ရွေးကောက်ပွဲကျင်းပပေးမည့် အချိန်ကာလ အတိအကျကို ဆားဘီးယားသမ္မတက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဆားဘီးယားသမ္မတ ဗူဆစ်သည် လက်ရှိတွင် သမ္မတရာထူးကို သက်တမ်းနှစ်ကြိမ်ဆက် ရယူထားပြီးဖြစ်ရာ ဆားဘီးယားဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတရာထူးအတွက် ထပ်မံယှဉ်ပြိုင်ခွင့် မရှိတော့ကြောင်း သိရသည်။

ပုံမှန်အားဖြင့် ဆားဘီးယားသမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို လာမည့်နှစ်အတွင်း ကျင်းပရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နိုင်ငံ လွတ်လပ်ရေးနှစ် ၂၅၀ ပြည့် အထိမ်းအမှတ် နိုင်ငံကူးလက်မှတ်စာအုပ်သစ် သမ္မတ ဒေါ်နယ်ထရမ့် ထုတ်ဖော်ပြသ

**နယူးယောက် ဇွန် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ၎င်း၏ရုပ်ပုံ ထည့်သွင်းထားသည့် အမေရိကန်နိုင်ငံကူးလက်မှတ် စာအုပ်သစ်များကို ဇွန် ၂၇ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အမေရိကန် နိုင်ငံကူးလက်မှတ် စာအုပ်သစ်များကို သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

နိုင်ငံကူးလက်မှတ် စာအုပ်သစ်တွင် အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းကို နောက်ခံထား၍ သမ္မတ ဒေါ်နယ်ထရမ့်၏ ရုပ်ပုံနှင့် ၎င်း၏ လက်မှတ်တို့ကို ထည့်သွင်းထားသည်။




ထိုနိုင်ငံကူးလက်မှတ်စာအုပ်သစ်၏ တစ်ဖက်စာမျက်နှာပေါ်တွင် ၁၇၇၆ ခုနှစ်အတွင်း အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းကို အမေရိကန်ခေါင်းဆောင်များ လက်မှတ်ရေးထိုးနေကြပုံကို ထည့်သွင်းထားသည်။

အဆိုပါ အမေရိကန်နိုင်ငံကူးလက်မှတ်စာအုပ်သစ်ကို အမေရိကန်လွတ်လပ်ရေး နှစ် ၂၅၀ ပြည့် အထိမ်းအမှတ်အဖြစ် အရေအတွက် အကန့်အသတ်ဖြင့်သာ ထုတ်ဝေမည်ဖြစ်သည်။

အဆိုပါ အမေရိကန်လွတ်လပ်ရေး နှစ် ၂၅၀ ပြည့် အထိမ်းအမှတ် နိုင်ငံကူးလက်မှတ် စာအုပ်သစ်များကို လာမည့် ဇူလိုင် ၆ ရက်တွင် စတင် ထုတ်ပေးဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နှင့် ရုရှားစစ်လေယာဉ်များ တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း ဝင်ရောက်

**ဆိုးလ် ဇွန် ၂၈**

တောင်ကိုရီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်းသို့ တရုတ်နှင့် ရုရှား စစ်လေယာဉ် ၁၀ စင်းကျော်တို့က ဇွန် ၂၇ ရက်တွင် ဝင်ရောက်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လေကြောင်းရန် ကာကွယ်ရေး စိစစ်ဇုန်အတွင်း တရုတ်နှင့် ရုရှား စစ်လေယာဉ်များ ဝင်ရောက်လာမှုကြောင့် ကြိုတင်ကာကွယ်မှု ရယူသည့်အနေဖြင့် တိုက်လေယာဉ်များ စေလွှတ် စောင့်ကြည့်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နှင့် ရုရှားစစ်လေယာဉ်များသည် အရှေ့ပင်လယ်ဒေသနှင့် တောင်ပင်လယ်ဒေသတို့ရှိ တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားထားသည်။

တရုတ်နှင့် ရုရှားစစ်လေယာဉ်များသည် တောင်ကိုရီးယား၏ လေကြောင်းရန် ကာကွယ်ရေး စိစစ်ဇုန်အတွင်း ဝင်ရောက်ခဲ့သော်လည်း တောင်ကိုရီးယား ဝေဟင်ပိုင်နက်ကို ချိုးဖောက်မှု မရှိခဲ့ကြောင်း သိရသည်။

လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်သည် နိုင်ငံတစ်နိုင်ငံ၏ ဝေဟင်ပိုင်နက် မဟုတ်သော်လည်း ချဉ်းကပ်ဝင်ရောက်လာသော လေယာဉ်များကို လုံခြုံရေး ရည်ရွယ်ချက်အရ စိစစ်စောင့်ကြည့်နိုင်သော ဝေဟင်ဇုန်ဖြစ်သည်။

တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း စစ်လေယာဉ်များ ဝင်ရောက်မှုအတွက် တရုတ်နှင့် ရုရှားအစိုးရကို သံတမန်ရေးအရ ကန့်ကွက်ထားသည်ဟု တောင်ကိုရီးယား အစိုးရက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ Ref : RT

Trs : KKO

## ကရာချိမြို့ရှိ ပါကစ္စတန်နယ်မြေစောင့်တပ်ကို စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်

**အစ္စလာမ္မာဘတ် ဇွန် ၂၈**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ နယ်မြေ ကင်းလှည့်အစောင့်တပ် ဌာနချုပ်ကို စစ်သွေးကြွများက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးဖြင့် ဇွန် ၂၇ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တိုက်ပွဲအတွင်း ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးနှင့် စစ်သွေးကြွသုံးဦး သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားထားသည်။

ဇွန် ၂၇ ရက် တိုက်ခိုက်မှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း ဂျမက်အူလ်အာရာ စစ်သွေးကြွအုပ်စုက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပါကစ္စတန်အစိုးရက တီရစ်ခ်-အီးတာလီဘန် ပါကစ္စတန်အုပ်စုကို ဝေဖန်အပြစ်တင်ထားသည်။

တီရစ်ခ်-အီး တာလီဘန် ပါကစ္စတန်စစ်သွေးကြွအုပ်စုသည် အာဖဂန် တာလီဘန်အုပ်စုမှ သီးခြားခွဲထွက် ရပ်တည်နေသည့် စစ်သွေးကြွအုပ်စု ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နှင့် အီရန်တို့ကြား စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွား

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ယနေ့တွင် တစ်ဖက်နှင့်တစ်ဖက် ဆက်လက်တိုက်ခိုက်ခဲ့ကြကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဇွန် ၁၇ ရက်တွင် ရယူထားသော အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေး ယာယီသဘောတူညီချက်ကို ချိုးဖောက်နေကြောင်း အပြန်အလှန်စွပ်စွဲခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။

ယနေ့တွင် အီရန်တော်လှန်ရေး အစောင့်တပ်သည် ကူဝိတ်နှင့် ဘာရိန်းနိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကို ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်ပဋိပက္ခကို စစ်ရေးနည်းလမ်းဖြင့် အဆုံးသတ်ပေးရဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အီရန်နိုင်ငံက ဘာရိန်းနှင့် ကူဝိတ်နိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။



အလားတူ အမေရိကန် တပ်မတော်ကလည်း ယနေ့မှာပင် အီရန်နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေမှုကြောင့် ဇွန် ၁၇ ရက်တွင် ရယူထားသည့် ယာယီသဘောတူညီချက် ပျက်စီးမည့်အရေး စိုးရိမ်နေရကြောင်း သိရသည်။

အချက် ၁၄ ချက်ပါ အဆိုပါ သဘောတူညီချက်တွင် ဧပြီ ၈ ရက်တွင် ရယူထားသည့် အပစ်အခတ်ရပ်စဲရေးကို ရက် ၆၀ သက်တမ်းတိုးထားပြီး ထိုကာလအတွင်း ဟော်မုဇ် ရေလက်ကြားကို ဖွင့်ထားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## New Glenn ဒုံးပျံယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည် လွှတ်တင်နိုင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီ ကြိုးပမ်းနေ



ဝါရှင်တန် ဇွန် ၂၈

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ပြီးခဲ့သည့်လအတွင်း လောင်စာရည် ဖြည့်သွင်းစမ်းသပ်မှု ပြုလုပ်စဉ် ဒုံးပျံပေါက်ကွဲပျက်စီးခဲ့သော်လည်း New Glenn ဒုံးပျံယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည် လွှတ်တင်နိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း ဇွန် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ပြီးခဲ့သည့် မေ ၂၈ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း၌ New Glenn ဒုံးပျံယာဉ်ကို လောင်စာရည်ဖြည့်သွင်း စမ်းသပ်စဉ် ဒုံးပျံပေါက်ကွဲခဲ့ရာ ဒုံးပစ်စင် အမှတ် -၃၆ ပျက်စီးခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံယာဉ်ကို စတုတ္ထအကြိမ်မြောက် လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေစဉ် ဒုံးပျံယာဉ်ပေါက်ကွဲပျက်စီးခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်လွှတ်တင်ရေးအတွက် ဒုံးပျံပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် ဒုံးပစ်စင်ကို ပြန်လည်စတင်ပြင်ဆင်နေပြီဖြစ်သည်။

လက်ရှိအချိန်တွင် ပစ်စင်အမှတ်-၃၆ ၏ အပျက်အစီးများနှင့် New Glenn ဒုံးပျံအပျက်အစီးအားလုံးကို ရှင်းလင်းပြီးနောက် ပစ်စင်ပြန်လည်တည်ဆောက်မှုကို နေ့ညမပြတ် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအာကာသယာဉ်က အင်္ဂါဂြိုဟ်ကျောက်သားများအတွင်း ကာဗွန်မော်လီကျူးများကို ရှာဖွေတွေ့ရှိထား

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအာကာသယာဉ်သည် အင်္ဂါဂြိုဟ် ကျောက်သားများအတွင်း ဖွဲ့စည်းပုံရှုပ်ထွေးသည့် ကာဗွန်မော်လီကျူးများကို ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အော်ဂင်းနစ်ကာဗွန်မော်လီကျူးများကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏ ရှားလော့စ်အမည်ရှိ စူးစမ်းလေ့လာရေးစနစ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်သည် နာရက်ဗာဖဲလ်လစ်အမည်ရှိ ရှေးဟောင်းမြစ်ကြောင်း တစ်ခု၌ လေ့လာစူးစမ်းမှုများပြုလုပ်နေစဉ်



အထက်ပါ အော်ဂင်းနစ်မော်လီကျူးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ် ရှာဖွေတွေ့ရှိခဲ့သည့်ကာဗွန်မော်လီကျူးမှာ Macromolecular Carbon (MMC) ခေါ် ကာဗွန်မော်လီကျူး ဖြစ်ကြောင်း သိရသည်။

MMC ကာဗွန်မော်လီကျူးသည် ဘူမိဖြစ်စဉ်များမှ ပေါ်ထွက်လာတတ်သကဲ့သို့ သက်ရှိဇီဝရုပ်များက ထုတ်လုပ်နိုင်သည့်ကာဗွန်မော်လီကျူးအမျိုးအစားဖြစ်သည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေကို စူးစမ်းလေ့လာခဲ့သည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်က အနည်းဆုံးကြယ်စုကြီးခြောက်ခုပေါင်းစည်းမှုဖြစ်စဉ်ကို ထောက်လှမ်းတွေ့ရှိခဲ့

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် အနည်းဆုံးကြယ်စုကြီးခြောက်ခုပေါင်းစည်းမှုဖြစ်စဉ်ကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဇွန် ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အထက်ပါ ကြယ်စုကြီးခြောက်ခု ပေါင်းစည်းမှုဖြစ်စဉ်ကြောင့် စကြဝဠာ၏ အကြီးမားဆုံး ကြယ်စုကြီးတစ်ခု ပေါ်ထွက်လာနိုင်ပြီး မဟာအာကာသတွင်းနက်ကြီးတစ်ခုလည်း ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မမြင်တွေ့နိုင်သည့် အာကာသတွင်းနက်တစ်ခုမှ ပေါ်ထွက်လာသည့် ဖြာထွက်ရောင်ခြည်များကို ရေဒီယို နက္ခတ္တရူပဗေဒပညာရှင်များက သတိပြုခဲ့ပြီးနောက် ကြယ်စုကြီးခြောက်ခု ပေါင်းစည်းမှုဖြစ်စဉ်ကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တစ်ခုနှင့်တစ်ခု ပေါင်းစည်းနေသည့် ကြယ်စုကြီးခြောက်ခုတို့သည် Big Bang ခေါ် မဟာပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း ၁ ဒသမ ၈ ဘီလီယံအကြာတွင် ပေါ်ထွက်ခဲ့သည့် ကြယ်စုများဖြစ်သည်။

အဆိုပါ ကြယ်စုကြီးခြောက်ခု ပေါင်းစည်းမှုဖြစ်စဉ်ကို TGSST 1530 + 1049 ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

TGSST 1530 + 1049 ကြယ်စုကြီးသည် ဒြပ်ထုအားဖြင့် နေ၏ ဒြပ်ထုထက် အဆပေါင်းဘီလီယံရာပေါင်းများစွာ ကြီးမားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## နေ့အလင်းရောင်နှင့် ထိတွေ့မှုကာလ အတိုင်းအဆက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါနှင့် ဆက်စပ်နေ

ပေကျင်း ဇွန် ၂၈

နေ့အလင်းရောင်နှင့် ထိတွေ့မှုကာလ အတိုင်းအဆသည် ဦးနှောက် စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါနှင့် ဆက်စပ်နေကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံမှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၂ နှစ်အရွယ်ရှိ လူပေါင်း ၈၇၆၀၀ နီးပါးတို့ကို အလင်းရောင်နှင့်ထိတွေ့မှုကို တိုင်းတာပေးနိုင်သည့် ကိရိယာများတပ်ဆင်၍ ရှစ်နှစ်ကြာ အချိန်ယူလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အိမ်တွင်း၌ ဖျော့တော့သည့် အလင်းရောင်နှင့် ထိတွေ့မှုများသူတို့တွင် Dementia ရောဂါဖြစ်ပွားနိုင်ခြေပိုမှန်ထက် မြင့်မားနိုင်ကြောင်း သိရသည်။

သို့ရာတွင် ပိုမိုတောက်ပလင်းထိန်သော အလင်းရောင်နှင့်အထိအတွေ့များသူများတွင်မူ Dementia ရောဂါဖြစ်နိုင်ခြေမှာ ၁၅ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းကြားထိ ပို၍နည်းပါးသည်ကို တွေ့ရကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များ၏အဆိုအရ နေ့အလင်းရောင်နှင့် တစ်ရက်လျှင် ၁ ဒသမ ၅ နာရီကြာထိ တွေ့ရသူများ၌ Dementia ရောဂါဖြစ်ပွားနိုင်ခြေမှာ ပုံမှန်ထက် ၁၈ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် အလင်းရောင်နှင့် ထိတွေ့မှုနှင့် Dementia ရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဗီတာမင် K1 စားသုံးခြင်းဖြင့် အဆုတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်

ကင်ဘာရာ ဇွန် ၂၈

ဟင်းနုနယ်၊ ကိုက်လန်နှင့် ပန်းဂေါ်ဖီစိမ်းကဲ့သို့ ဟင်းသီးဟင်းရွက်များ စားသုံးမှုသည် အဆုတ်ကျန်းမားရေးကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များ၏ အဆိုအရ အစားအစာများတွင် အခြေခံ ဗီတာမင် K ပုံစံနှစ်မျိုးပါဝင်ကြောင်း သိရသည်။

အထက်ပါ ဗီတာမင် K ပုံစံနှစ်မျိုးအနက် ဗီတာမင် K1 ကို ဟင်းသီးဟင်းရွက်များ၌ အဓိကတွေ့ရှိရတတ်ပြီး ဗီတာမင် K2 ကိုမူ အချဉ်ဖောက်အစားအစာများ၊ ဥများနှင့် အသားများတွင် တွေ့ရတတ်သည်။

ဩစတြေးလျသုတေသနပညာရှင်၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင် K1 စားသုံးမှုသည် အဆုတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး နာတာရှည်လေပြွန်ကျဉ်းရောဂါ (COPD) ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက် ဗီတာမင် K1 စားသုံးမှုသည် COPD ဖြစ်နိုင်ခြေကို ၁၆ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို မက်ဒီဆင်ကီး ဆွတ်ခူး

လန်ဒန် ဇွန် ၂၈

အင်္ဂလန်နိုင်ငံ အီစ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးနှင့် ဂျာမနီတင်းနစ်မယ် မာရီယာတို့ ယှဉ်ပြိုင်ခဲ့ရာ မက်ဒီဆင်ကီးက (၇-၅၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဒီဆင်ကီးအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို သုံးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုကို သုံးကြိမ်နှင့်အထက် ဆွတ်ခူးနိုင်ခဲ့သော ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မက်ဒီဆင်ကီးက "ဒီဆုဖလားဟာ ဘယ်လောက်ထိလေးလံတယ်ဆိုတာကို အမြဲတမ်း မေ့လျော့နေခဲ့တယ်။ အရင်က နှစ်ကြိမ်တိုင်တိုင် ကိုင်မြှောက်ခဲ့ဖူးတယ်။ သိပ်ကိုလေးလံတဲ့ဆုဖလားပါ။ အီစ်ဘုန်းမှာလာကစားတိုင်း ပျော်ရွှင်ရပါတယ်။ အီစ်ဘုန်းဟာ ကျွန်မအတွက်တော့ အမှတ်ရစရာအကောင်းဆုံး နေရာတစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL



# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် စကော့တလန်အသင်း နည်းပြရာထူးမှ စတိဗ်ကလက် နုတ်ထွက်

ဗာလင် ဇွန် ၂၈

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် စကော့တလန်အသင်း နည်းပြ စတိဗ်ကလက်သည် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။


စကော့တလန် အသင်းသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)တွင် ဘာရာဇီးအသင်း၊ မော်ရိုကိုအသင်း၊ ဟောတီအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုသုံးပွဲကစားခဲ့ရာ ဟောတီအသင်းကိုသာ အနိုင်ရခဲ့ပြီး မော်ရိုကိုအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဘာရာဇီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရမှတ် သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင်သာ ရပ်တည်ခဲ့ပြီး အကောင်းဆုံးအုပ်စုတတိယနေရာတွင်လည်း အဆင့်(၁၁)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

စကော့တလန် အသင်းနှင့် နည်းပြ စတိဗ်ကလက်တို့ကြား စာချုပ်သက်တမ်းမှာ လေးနှစ်ချုပ်ဆိုထားသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သည့်အတွက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စတိဗ်ကလက်သည် စကော့တလန်အသင်းကို ၁၉၉၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ယူရိုပြိုင်ပွဲကိုလည်း နှစ်ကြိမ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့သော်လည်း ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ၆၄ ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲ တံခွန်စိုက်ဆုဖလားကို Rangoon Cycling Club ဆွတ်ခူး



ရန်ကုန် ဇွန် ၂၈

အားကစားရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ မြန်မာ့ရွှေပြည်ထရက်တာလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ၆၄ ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက သုဝဏ္ဏကွင်း အပြင်ပတ်လမ်း၌ ကျင်းပခဲ့ပြီး Rangoon Cycling Club က တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Mountain bike၊ Men Junior တာဝေး၊ Klomen Open တာဝေး၊ Men Elite အသင်းလိုက်တာဝေး၊ Men Elite Criterium၊ Men Open Criterium၊ Men Junion Criterium၊ Women Criterium ပြိုင်ပွဲများ ပါဝင်သည်။

အဆိုပါပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဦးခင်မောင်ဝင်းနှင့် အမှုဆောင်တို့က ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား၊ အမျိုးသမီးအကောင်းဆုံးဆု ရရှိကြသော အားကစားသမားများကို ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဆုဖလားကို Men Elite ပြိုင်ပွဲများဖြစ်သော ကီလိုမီတာ ၁၀၀ တာဝေးပြိုင်ပွဲနှင့် ၂၆ ကီလိုမီတာ Criterium ပြိုင်ပွဲ၏ ရမှတ်များကိုစုပေါင်း၍ အမှတ်အများဆုံးရရှိသော Rangoon Cycling Club အသင်းကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

၆၄ ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို ဇွန် ၂၆ ရက်မှ ယနေ့ထိ သုံးရက်တာ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်ကစားသမား ဦးရေ ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

STA

# Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး အမှတ်ပေးဇယားကို ဟိုဗ်လန်း ဦးဆောင်

ခရွမ်ဝဲလ် ဇွန် ၂၈

အမေရိကန်နိုင်ငံ ခရွမ်ဝဲလ်မြို့တွင်ကျင်းပနေသည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကန်တလေနှင့် ဘာတီယာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နေကြောင်း သိရသည်။

ဟိုဗ်လန်းက "တတိယနေ့ကတော့ ကျွန်တော့်အတွက် အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ တတိယနေ့က အချိန်တွေက ကျွန်တော့်အတွက် သိပ်ကိုတန်ဖိုးရှိတဲ့ အချိန်ကာလဖြစ်ပါတယ်။ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရထားတဲ့ အခြေအနေဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာ ကောင်းပါတယ်။ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေနဲ့ အကြိတ်အနယ် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အခုလို ဦးဆောင်သူနေရာကို ရောက်လာတာ ပျော်စရာကောင်းပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic
Trs : AZL

# အင်္ဂလန်အသင်းသမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဟယ်ရီကိန်းရပ်တည်

လန်ဒန် ဇွန် ၂၈

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (L)နောက်ဆုံးပွဲစဉ်အဖြစ် အင်္ဂလန်အသင်းက ပနားမားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သည့် ဟယ်ရီကိန်းသည် အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် ဟယ်ရီကိန်းသည် ပွဲချိန် ၆၂ မိနစ်၌ သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် အင်္ဂလန်အသင်း သမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုး ၁၀ ဂိုးဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေသည့် လိုင်နီကာ၏ စံချိန်ကို ကျော်ဖြတ်ကာ သွင်းဂိုး ၁၁ ဂိုးဖြင့် ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်း သမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံးစာရင်း၌ ဟယ်ရီကိန်း၏နောက်တွင် လိုင်နီကာက သွင်းဂိုး ၁၀ ဂိုးဖြင့် ဒုတိယ၊ ဂျက်ဖ်ဟတ်က သွင်းဂိုး ငါးဂိုးဖြင့် တတိယ၊ ဘော်ဘီချာတန်ကသွင်းဂိုး လေးဂိုးဖြင့် စတုတ္ထ၊ မိုက်ကယ်အိုဝင်က သွင်းဂိုး လေးဂိုးဖြင့် ပဉ္စမနေရာတွင်ရပ်တည်နေသည်။

အသက် ၃၂ နှစ်ရှိ ဟယ်ရီကိန်းသည် ၂၀၁၅ ခုနှစ်တွင် အင်္ဂလန် လက်ရွေးစင်အသင်းတွင် စတင်ရွေးချယ်ခံရကာ ပြိုင်ပွဲစုံ ၁၀၇ ပွဲ ပါဝင်ကစားခဲ့ရာ၌ သွင်းဂိုး ၈၂ ဂိုးထိ သွင်းယူ၍ အင်္ဂလန်အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# အာဂျင်တီးနားအသင်းမှ မက်ဆီ ကမ္ဘာ့ဖလားပြိုင်ပွဲ ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာပြီး သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေ



ဝါရှင်တန် ဇွန် ၂၈

အာဂျင်တီးနားအသင်း တိုက်စစ်ကစားသမား မက်ဆီသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဂျော်ဒန်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင်လည်း ထိပ်ဆုံးမှဦးဆောင်နေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဂျင်တီးနား အသင်းက ဂျော်ဒန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် မက်ဆီသည် ပွဲချိန်မိနစ် ၆၀ မှ လူစားဝင်ကစားခဲ့ကာ ပွဲချိန်မိနစ် ၈၀ တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် သွင်းဂိုး တစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် သွင်းဂိုး တစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့် သွင်းဂိုး တစ်ဂိုး၊ ဗိုလ်လုပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ လက်ရှိ ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုပွဲစဉ်သုံးပွဲအဖြစ်ကစားခဲ့သည့် ပထမပွဲစဉ်တွင် သွင်းဂိုး သုံးဂိုး၊ ဒုတိယပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ ယခုဂျော်ဒန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မက်ဆီသည် အုပ်စုသုံးပွဲကစားအပြီး သွင်းဂိုး ခြောက်ဂိုးသွင်းယူထားကာ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟဲရန်ရှူ ဦးဆောင်

ချက်စကား ဇွန် ၂၈

အမေရိကန်နိုင်ငံ ချက်စကားမြို့တွင် ကျင်းပနေသည့် KPMG Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဟဲရန်ရှူက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ယွန်းအင်နာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁)အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည်လည်း စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်။

နယ်လီကော့ဒါက"ဂေါက်ကွင်းက နည်းနည်းလေး ချော်နေပါတယ်။ Green ထဲမှာလဲ ကျင်းစိမ်ရတာ ခက်ခဲပါတယ်။ ကွင်းအခြေအနေနဲ့ မိုးလေဝသအခြေအနေကြောင့် သိပ်ကို ကစားရခက်တယ်လို့ပြောရပါမယ်။ လေတိုက်နှုန်းကလဲ မြင့်မားတဲ့အတွက်ကြောင့် ရိုက်ချက်တစ်ချက် ရိုက်တော့မယ်ဆိုရင် လေတိုက်နှုန်းကို တွက်ချက်ရတာ အချိန်ပေးရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL





# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းမွန်ပြီး ပေါ်တူဂီအသင်း ပွဲကျပ်များ ဆက်တိုက်ကစားရဖွယ်ရှိ

ဝါရှင်တန် ဇွန် ၂၈

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ရလဒ်များကောင်းမွန်ခဲ့သည့် အာဂျင်တီးနားအသင်းက ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်နေပြီး ပေါ်တူဂီအသင်းအနေဖြင့် ပွဲကျပ်များ ဆက်တိုက်ကစားရဖွယ်ရှိကြောင်း Transfermarket သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပေါ်တူဂီအသင်းသည် အုပ်စု(K) နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကိုလံဘီယာအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့မှုကြောင့် ရမှတ် ငါးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင်သာ ရပ်တည်ခဲ့သည့်အတွက် ပွဲကျပ်များ ဆက်တိုက်ကစားရဖွယ် ရှိနေခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်တွင် ခရိုအေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်မည် ဆိုပါက ဘြာဇီးယားအသင်းနှင့် စပိန်အသင်းမှ အနိုင်ရမည့်အသင်းနှင့် ထပ်မံတွေ့ဆုံရမည်ဖြစ်ကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဆိုပါက အမေရိကန်၊ ဘော့စနီးယား၊ ဘယ်လ်ဂျီယံ၊ ဆီနီဂေါ်အသင်းတို့မှ တစ်သင်းနှင့် ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဆိုပါက ပြင်သစ်အသင်း၊ ဂျာမနီအသင်း အစရှိသည့်အသင်းများနှင့် ပွဲကျပ်များ ဆက်လက်ကစားရမည်ဖြစ်သည်။

အာဂျင်တီးနား အသင်းသည် ၃၂ သင်း ရှုံးထွက်အဆင့်တွင် ကိတ်ဗာဒီအသင်းနှင့် ကစားရမည်ဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ပါက ကိုလံဘီယာ၊ ဆွစ်ဇာလန်၊ အယ်လ်ဂျီးရီးယား၊ ဂါနာအသင်းတို့မှ တစ်သင်းနှင့် ကစားရမည် ဖြစ်သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်နေကြောင်း သိရသည်။

Ref : Transfermarket

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ဆက်လက်ကျင်းပသွားမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ဇွန် ၂၉ ရက်(ယနေ့) မှစတင်ပြီး ဇူလိုင် ၁ ရက်ထိ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် ပြည်ပကစားသမားများ ခေါ်ယူအင်အားဖြည့်တင်းခဲ့သည့် ရှေ့ဝတီအသင်းက နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသကဲ့သို့ ရတနာပုံအက်ဖ်စီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက် အသင်းတို့ကလည်း ရလဒ်ကောင်းများရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ပိုင်းကို ပြန်လည် တက်ရောက်လာခဲ့ပြီး မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့သာ နိုင်ပွဲမရရှိသေးခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအဖြစ် ဇွန် ၂၉ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာ အားကစားကွင်းတွင် Young Lionesses အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဇွန် ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရှေ့ဝတီအသင်းနှင့် ISPE အသင်း၊ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်း၊ ဇူလိုင် ၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)နောက်ဆုံးပွဲစဉ်တွင် ဒဂုံစတားအသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဒဂုံ အားကစားကွင်းတွင် ကျင်းပခဲ့ရာ ဒဂုံစတားအသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များ အပြန်အလှန် ရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။



ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံစတားအသင်းက ပိုမိုထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်လာခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် သျှားကိုကိုနှင့် ပွဲချိန် ၆၉ မိနစ်တွင် အောင်ခန့်ကျော်တို့က ဒဂုံစတားအသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက် အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

STA

# ပျော်ရွှင်သော မိသားစုဘဝရရှိစေရေး

ဘုန်းသန့်စင်

**မိသားစုဘဝ**

မိသားစုဆိုသည်မှာ မိဘနှင့်သားသမီးအစုဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ မိသားစုသည်သွေးသားတော်စပ်သူများကို စုပေါင်း၍ခေါ်ဆိုသည်လည်းရှိသကဲ့သို့ သွေးမတော်သားမစပ်သော်လည်း တစ်မိုးအောက်တွင် အတူနေထိုင်သူများကိုလည်း မိသားစုအဖြစ် သတ်မှတ်ကြသည်လည်းရှိသည်။ မိသားစုသည် သံယောဇဉ်များ၊ တာဝန်ဝတ္တရားများဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်နွှယ်မှုများရှိကြသည်။ ဆုံးဖြတ်ချက်များကို အတူတကွချမှတ်ခြင်း၊ ဝင်ငွေများကို စီမံခန့်ခွဲခြင်းနှင့် မျှဝေသုံးစွဲကြခြင်း၊ မိသားစုဝင်များကို ပြုစုပျိုးထောင်ခြင်း၊ အိမ်မှုကိစ္စများကို အတူတကွ ဆောင်ရွက်ကြခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း" စသည့်တာဝန်ဝတ္တရားများကို စုစည်းထမ်းပိုးနေကြသည်ကလည်း မိသားစုပင်ဖြစ်သည်။

လူတို့သည်အစုအဖွဲ့နှင့်နေတတ်ကြပြီး လူသားတိုင်းမိသားစုဘဝကိုယ်စီရှိကြသည်။ မိဘမဲ့ဂေဟာများတွင် ကြီးပြင်းရသူများသည် ငယ်စဉ်ကနားခိုခဲ့ရသည့်ဂေဟာသည် မိမိ၏မိသားစုပင်ဖြစ်သည်။ လူ့လောကတွင် မိသားစုနှင့်စပ်လျဉ်း၍စဉ်းစားကြည့်လျှင် ကိုယ်တိုင်က မိသားစုဝင်ဖြစ်ခဲ့ရသည့်အချိန်နှင့်မိသားစုကို ဖန်တီးပုံဖော်သည့်အချိန်ဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြားနိုင်သည်။ လူတစ်ဦးသည် တစ်အိုးတစ်အိမ်ထောင်ထူထောင်၍ သီးခြားမိသားစုဘဝ မဖန်တီးခင်အချိန်တွင် မိဘ၊ ညီအစ်ကို မောင်နှမများနှင့်အတူ နေထိုင်ကြရသည်။ ဘဝလက်တွဲဖော်တွေ့ရှိ၍ အိမ်ထောင်သည် ဘဝကို ခံယူလိုက်ချိန်တွင် ကိုယ်ပိုင်သီးခြားမိသားစုတစ်စု ထပ်မံပေါ်ပေါက်လာသည်။ မိသားစုသည် မိမိဘဝအောင်မြင်မှုများကို ဖန်တီးပုံဖော်ပေးနိုင်သည့် ရပ်ဝန်းဖြစ်သည်ကို သတိပြုမိရန်လိုသည်။ ပျော်ရွှင်သော မိသားစုဘဝကို ရယူပိုင်ဆိုင်ထားသူများသည် မိသားစုအတွက် အချိန်ကို အကျိုးရှိရှိအသုံးချနိုင်သူများဖြစ်သည်။

**ဘဝတက်လမ်း ထာဝရလှမ်း**

ပြေးလွှားဆော့ကစားတတ်သည့်အရွယ်မှ အိုးမင်းရင့်ရော်ကာ အခြားသူတစ်ဦးက ထူမှထရသော အိုမင်းမစွမ်းအရွယ်ထိ ရင်ဆိုင်ရသည့် လောကဓံတိုင်းကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် စိတ်ဓာတ်ခွန်အားကို မိသားစုကသာ ပေးစွမ်းနိုင်သည်။ လမ်းလျှောက်တတ်စ အရွယ်တွင် "ရပ်နိုင်ပေ့" ဆိုသည့်စိတ်ဓာတ်ခွန်အားကိုပေးကာ ဘဝလမ်းခရီးကို မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေး ကြိုးစားပေးကြသည်ကလည်း မိဘအုပ်ထိန်းသူများ အပါအဝင် မိသားစုဝင်များကပင်ဖြစ်သည်။ စာရေးစာဖတ်အတတ်ပညာကို သင်ကြားသည့်အရွယ်တွင်လည်း စာပေပညာရပ်များကို အေးဆေးတည်ငြိမ်စွာ သင်ယူလေ့လာနိုင်ရေး ကူညီပေးသည်ကလည်း မိသားစုဝင်များပင်ဖြစ်သည်။

စာပေပညာရပ်များကို သင်ယူပြီးမြောက်လူလားမြောက်၍ ဘဝရပ်တည်ရေးအတွက် လုပ်ငန်းခွင်ဝင်ရာတွင်လည်း မိသားစုအကူအညီက မလွတ်ကင်းနိုင်ပေ။ လျှောက်သင့်သည့်လမ်းနှင့် လျှောက်လှမ်းရမည့်နည်းလမ်းတို့ကို နည်းပေးလမ်းပြဆုံးမတတ်သည်ကလည်း မိဘအပါအဝင် မိသားစုဝင်များဖြစ်သည်။ ဘဝရပ်တည်ရေးနှင့် အောင်မြင်ရေးအတွက် လုပ်ငန်းခွင်အသီးသီးသို့ ဝင်သည့်အချိန်တွင် မိမိကိုယ်မိမိယုံကြည်မှုရှိရှိဖြင့် ဆောင်ရွက်နိုင်ရေးစိတ်ခွန်အားပေးနိုင်သည်က မိသားစုဝင်များဖြစ်သည်။

**အားနည်းနေချိန် ဖေးမကူညီ**

ငယ်စဉ်က စာပေပညာရပ်များ လေ့လာချိန်မှ အစပြု၍လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရသည့်အချိန်ထိ စိတ်ဓာတ်ကျချိန်၊ အားငယ်ချိန်၊ လောကဓံရိုက်ချက်များကြောင့် ပြိုလဲကျသည့်အချိန်၊ စသည့်အချိန်တို့တွင် ဖေးကူမ၍ တွဲထူကြသည့်မိသားစုဝင်များကို တန်ဖိုးထားကြရန်လိုသည်။ အမှားတစ်ခုကို ကျူးလွန်မိသည့်အချိန်တွင် ပတ်ဝန်းကျင်၏ လှောင်ပြောင်ကဲ့ရဲ့သံများမည်မျှ ပင်ရှိနေစေကာမူ မိသားစုဝင်များ၏ လုပ်နိုင်ပါတယ်ဆိုသည့် စကားတစ်ခွန်းတည်းနှင့်ပင် လဲကျသည်မှပြန်ထ၍ ဘဝခရီးလမ်းကို ဆက်လက်လျှောက်လှမ်းနိုင်မည်



ဖြစ်သည်။ ပြင်ပလောကတွင် မည်မျှပင် ပူလောင်မှုကို ခံစားခဲ့ရသည်ဖြစ်စေ အိမ်ပြန်ရောက်ချိန်တွင် မိသားစု၏နွေးထွေးသော ကမ်းလက်များကြောင့် စိတ်ဓာတ်ခွန်အားတို့က အလိုလိုပြန်ရတတ်ကြသည်။

ခြေချော်လက်ချော် ဆိုသည့်အခိုက်အတန့်ကို လူတိုင်းကြုံဖူးကြမည်ဖြစ်သည်။ အားပေးစကား၊ နားလည်ခွင့်လွှတ်မှုနှင့် စိတ်ဓာတ်ခွန်အား တို့သည် မိသားစုဝင်များကြားတွင်သာ ရှိနိုင်သည်။ ကျင်လည်ရာပတ်ဝန်းကျင်တွင် လဲကျချိန်၌ လှေနစ်သူကို ဝါးကူထိုးမည့်သူများ၊ ဝေဖန်ကဲ့ရဲ့အပြစ်ပြောမည့်သူများကလည်း ရှိနေတတ်သည်။ ဘဝဆိုသည်မှာ ကြိုးစားအားထုတ်ပါက အောင်မြင်မှုကို အလွယ်တကူရယူနိုင်သည်။

**အခက်အခဲနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်း**

ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်ဆိုသည့် စကားနှင့်အညီ လောကတွင် ကြုံတွေ့ရလာနိုင်သည့် စိန်ခေါ်မှုနှင့် အခက်အခဲများကို မိသားစုဝင်များ ပူးပေါင်းလက်တွဲရင်ဆိုင်ကြရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကို ရင်ဆိုင်ကြရာတွင်လည်း မိသားစု၏နွေးထွေးမှုများ၊ စိတ်ဓာတ်ခွန်အားများက အရေးပါခဲ့သည်ကိုတွေ့နိုင်သည်။ ရောဂါတစ်ခုနှင့်ရင်ဆိုင်ရချိန်တွင် အလျင်အမြန် ပြန်လည်ကျန်းမာလာသူများသည် အနီးကပ်ပြုစုစောင့်ရှောက်ကြသည့် မိသားစုဝင်များရှိ၍ဖြစ်သည်။ စိတ်ကို အာဟာရဖြစ်စေသည့် စိတ်ဓာတ်တက်ကြွဖွယ်စကားများပြောခြင်း၊ ခန္ဓာကိုယ်ကို အာဟာရဖြစ်စေသည့်ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကို ပံ့ပိုးပေးခြင်းတို့ဖြင့် ရောဂါဆိုးကို မိသားစုခွန်အားဖြင့် ကျော်လွှားနိုင်ခဲ့ကြသည်။

ကျင်လည်ရာပတ်ဝန်းကျင်သည် တစ်ခါတစ်ရံတွင် မိမိအတွက် အဆိပ်အတောက်ဖြစ်စေသည့် အရာများကိုသာ သယ်ဆောင်လာတတ်သည်။ မိမိ၏အခြေအနေ၊ အရည်အချင်းကို အသိဆုံးက မိသားစုပင်ဖြစ်သဖြင့် အခက်အခဲနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် မိသားစုသည် အလွန်အရေးပါသည်။

**ပျော်ရွှင်အောင်မြင်သော ဘဝရရှိစေရေး**

ပျော်ရွှင်အောင်မြင်သော ဘဝကို ဖန်တီးပုံဖော်ရရှိရေးအတွက် နောက်ကွယ်တွင် အစဉ်ထာဝရအားပေးနေသည့် မိသားစုတွဲလက်များရှိရန်လိုသည်။ လဲကျချိန်တွင် ထူမပေးမည့်မိသားစု၏ နွေးထွေးသော လက်များလိုအပ်သည်။ သို့ရာတွင် မိမိဘက်မှလည်းမိသားစုအတွက် မေတ္တာထားကာ ပြန်လည်ပေးဆပ်ရမည့်အရာများလည်း ရှိပေသည်။ မိသားစုဝင်ဘဝ၊ မိသားစုကိုဦးဆောင်ရသည့် ဘဝစသည်ဖြင့် အသက်ရွယ်အရ မိသားစုတာဝန်ကို ထမ်းဆောင်ကြရသည်။ ကိုယ်တိုင်မိသားစုကို ဦးစီးဦးဆောင်ပြုရသည့်အချိန်တွင် ပျော်ရွှင်အောင်မြင်သော မိသားစုဘဝရရှိနိုင်ရေးကို ကြိုးစားဖော်ဆောင်ကြရမည်ဖြစ်သည်။

**အလုပ်နှင့်မိသားစုအချိန်ကို မျှတစွာပေးခြင်း**

အလုပ်ကို အချိန်ပေးလွန်းပါကလည်း မိသားစုအတွက် အချိန်နည်းသွားနိုင်သည်။ မိသားစုအတွက် ပေးသည့်အချိန်သည် လိုသည်ထက် ပိုလွန်းသည့်အခါ အလုပ်အောင်မြင်ရန် အချိန်နည်းသွားတတ်သည်။

**ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ခြင်း**

မိဘ ဘဝတွင် မိမိ၏အတွက်ဆိုသည့် စိတ်များနည်းပြီး သား၊သမီးများကိုသာ ဦးစားပေးပြုစုစောင့်ရှောက်နေတတ်သည်။ ထိုအခါ ကိုယ်တိုင်ကျန်းမာရေးထိခိုက်ပြီး ကလေးများကို အမှန်တကယ်မစောင့်ရှောက်နိုင်ဘဲဖြစ်တတ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

**စည်းကမ်းရှိခြင်း**

စည်းကမ်းသည် လူ့တန်ဖိုးဆိုသည့်စကားနှင့်အညီ အရာရာတွင် စည်းကမ်းတကျ လုပ်တတ်ကိုင်တတ်သည့်အလေ့အကျင့်များ ကိုယ်တိုင်ရှိရန်လိုသကဲ့သို့ မိသားစုအတွင်း ထားရှိသင့်သည့် စည်းကမ်းများ သတ်မှတ်ထားရှိရမည်။

**ကန့်သတ်ချက်လေးများ ထားရှိခြင်း**

မိသားစုအတွင်း ပြုမူ၊ ပြောဆို၊ နေထိုင်မှုလေးများတွင် ကန့်သတ်ချက်လေးများရှိသင့်သည်။ အသက်အရွယ်ကြီးသူများအတွက် အစားအသောက်များကို ဦးဦးဖျားဖျားထားပြီးမှ ကျန်သူများ စားသုံးခြင်းမှအစပြု၍ ညအိပ်ရာဝင်ကန်တော့ပြီးမှ အိပ်သည် အပြုများထိ ရှိသင့်သည်။

**ပွင့်လင်းမြင်သာသည့် ဆက်ဆံရေးထားရှိခြင်း**

မိသားစုဝင်များအကြားတွင် ကိုယ်ရေးကိုယ်တာက အစပြု၍လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အချစ်ရေး စသည်ဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးသည့် အလေ့အထလေးများရှိသင့်သည်။

မည်မျှပင် မအားမလပ်ဖြစ်စေကာမူ စိတ်ဖိစီးမှုများကို လျှော့ချနိုင်သည့်မိသားစုကို ပျော်ရွှင်စရာ အချိန်များကို ဖန်တီးသင့်သည်။

**စုပေါင်းဆောင်ရွက်သည့် အလေ့အထများ ဖန်တီးခြင်း**

မိသားစုအတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် မိသားစုဝင်များ၏ သဘောထားဆန္ဒကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးတတ်သည့်အလေ့အထများရှိသင့်သည်။ သို့မှသာ နွေးထွေးပွင့်လင်းသည့် ဆက်ဆံရေးရှိလာမည်ဖြစ်သည်။

**ဖွင့်ဟဝန်ခံတတ်ခြင်း**

ကိုယ်တိုင်အမှားတစ်ခုကို မရည်ရွယ်ဘဲ ကျူးလွန်မိသည့်အခါ ကျူးလွန်သည့်အကြောင်းအရာကို ဖွင့်ဟဝန်ခံတတ်ရမည်။ အထူးသဖြင့် ကလေးငယ်များကို မှန်တာကိုပြောတတ်ပြီး အမှားကိုဝန်ခံတတ်သည့်အလေ့အကျင့်ကောင်းများ မွေးမြူပေးထားရမည်ဖြစ်သည်။

**လိုက်လျောညီထွေရှိခြင်း**

မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ကလေးသို့မဟုတ် လူငယ်များကြား နားလည်မှုလွဲမှားတတ်သည့် အခိုက်အတန့်လေးများရှိတတ်သည်။ ခေတ်ကာလနှင့် အသက်အရွယ်မတူညီကြသည်ကို သတိထားကာ နားလည်လက်ခံရမည့် အပိုင်းများကို နားလည်လက်ခံပေးရမည်ဖြစ်သည်။

**အချိန်ပေးပါ**

မိဘ ဘဝရောက်ကြသည့်အချိန်တွင် ကလေးများအတွက်သာ အချိန်ကိုပေးတတ်ကြပြီး မိမိဇနီးသို့မဟုတ် ခင်ပွန်းအပေါ်အချိန်ပေးရန် မေ့နေတတ်ကြသည်။ မျှတသည့်မိသားစုဘဝဆိုသည်မှာ မိသားစုအတွင်း အချိန်ပေးခြင်းကအစပြု၍ မျှမျှတတ ရှိသင့်သည်။

**ကြိုးစားတည်ဆောက်ခြင်း**

တိုးတက်လာသည့်ခေတ်တွင် မိသားစုဝင်များအကြားအချိန်ပေး၍ ဆွေးနွေးတိုင်ပင်ကြသည်များ လျော့ပါးလာနေပြီဖြစ်သည်။ တစ်အိမ်ထဲနေပြီး ဖုန်းမျက်နှာပြင်ပေါ်မှတစ်ဆင့် လူမှုမီဒီယာပေါ်တွင်သာ မေးထူးခေါ်ပြောလုပ်နေကြသည့်အခြေအနေများရှိလာနေပြီဖြစ်သည်။ မိသားစုဆိုသည်မှာ အဖိုးမဖြတ်နိုင်သည့်အသိုက်အမြုံဖြစ်သဖြင့် အတူနေချိန်တွင်တန်ဖိုးထားရန်လိုသည်။ အချင်းချင်း ဖေးမကူညီကြခြင်းဖြင့် ဘဝစိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင်သွားရန်လိုသည်။ နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရသည့်အချိန်တွင် မိသားစု၏ ပျော်ရွှင်စရာအချိန်ကလေးများ လျော့ပါးသွားခြင်းမရှိအောင် ကြိုးစားသင့်သည်။ အလုပ်နှင့် မိသားစုဘဝကို အချိုးညီမျှတစွာ စီမံဆောင်ရွက်ခြင်းများဖြင့် ပျော်ရွှင်သော မိသားစုဘဝကို ကြိုးစားတည်ဆောက်နိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **မိသားစုအခက်အခဲများကို စီမံခန့်ခွဲခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ၂၀၂၁ ခုနှစ်။**
- **ပျော်ရွှင်သောမိသားစုဘဝကို ဖန်တီးနိုင်ရေးအတွက် အဓိက အချက် ၁၀ ချက်။ (https://www.coramfamilylives.org.uk/ မှရယူသည်။)**

# ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၁ ရက်မှစတင်ကာ မဟာရုပ်သံလိုင်းနှင့် Mahar Application တို့မှ ထုတ်လွှင့်မည်



**ရန်ကုန် ဇွန် ၂၈**

ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၁ ရက်မှစတင်ကာ မဟာရုပ်သံလိုင်းနှင့် Mahar Application တို့မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မြားစကြာက ရေးသားထားပြီး နေစိုးသော်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ တိရစ္ဆာန်ချစ်တတ်တဲ့သူလေးတွေရင်ထဲ တွေးစရာတွေကျန်ခဲ့စေမဲ့ ဇာတ်လမ်းတွဲတစ်တွဲလဲ ဖြစ်ပါတယ်။ မတူညီတဲ့အခြေအနေတွေကြားက ဖြစ်တည်လာမဲ့ ချစ်ခြင်းတရားကို အလှပဆုံးခံစားကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်" ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

အဆိုပါ ကျိန်စာသင့်နတ်သုဒ္ဓါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထက်လင်း၊ ဘုန်းလျှံနေရဲ၊ ဘရန်ဒိုလီ၊ လင်းအောင်ခေတ်၊ နေနေဘ်၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဟန်နီချို့နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၁ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီတွင် မဟာရုပ်သံလိုင်းနှင့် Mahar Application တို့မှ ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဆိုနီရုပ်ရှင်၏ Skeletons ဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် ဇွန် ၂၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Skeletons အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဝီလာဖစ်ဂျရယ်၊ ဒိုင်သီအိုဟာရာဂိန်း၊ မင်းသမီး အိုင်အိုနီစကိုင်းတို့ သုံးဦး ထပ်မံပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

Skeletons ဇာတ်ကားတွင် အထက်ပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသမီး ဘရီးလာဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Skeletons ဇာတ်ကားသည် မိခင်ဖြစ်သူ၏ လျှို့ဝှက်ထားသော သဘာဝမှန်ကို တဖြည်းဖြည်း သိလာသည့် လူငယ်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့်ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာဂျေတီမိုလ်နာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်ဒက်ဖီးက စာရေးဆရာ ဖိလစ်ဖရာကတ်ဆီ၏ ခေါင်းစဉ်အမည်တူဝတ္ထုတိုကို အခြေခံရေးသားပေးထားသည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် ဂျီလတ်၊ ဖော်ကာ၊ အောင်လတို့၏ Rock 3 Bands Concert တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ပြုလုပ်မည်

**ရန်ကုန် ဇွန် ၂၈**

တေးသံရှင် ဂျီလတ်၊ ဖော်ကာ၊ အောင်လတို့၏ Rock 3 Bands Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Rock 3 Bands Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ ဖြစ်ကြသည့် တေးသံရှင် ဂျီလတ်၊ ဖော်ကာ၊ အောင်လတို့၏ လူသိများထင်ရှားခဲ့သည့် တေးသီချင်းများကို Wanted Band၊ Reason Band၊ Sheeno Band တို့က အကောင်းဆုံးပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၁ ရက် ညမှာ Rock 3 Bands Concert အမည်နဲ့




တေးဂီတဖျော်ဖြေပွဲမှာ ကျွန်တော်တို့နဲ့အတူ လက်ရှိထိပ်တန်းရော့ခ်တီးဝိုင်းတွေဖြစ်တဲ့ Wanted Band၊ Reason Band၊ Sheeno Band တို့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမှာ ဖြစ်ပါတယ်။ အမိုက်စားရော့ခ်ဂီတ တီးခတ်မှုတွေနဲ့အတူ ရော့ခ်သီချင်းဟဲဗီးတွေကို အတူတူသီဆိုကြွေးကြော်ကြဖို့ Judson Entertainment Bar ကို လှမ်းခဲ့ပါလို့ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် အောင်လက ပြောပြသည်။

တေးသံရှင် ဂျီလတ်၊ ဖော်ကာ၊ အောင်လတို့၏ Rock 3 Bands Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ Judson Entertainment Bar ၏ ပင်တိုင်တေးသံရှင်ကလည်း ဝန်းရံသီဆိုဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Beach Read ဇာတ်ကား၌ မင်းသမီး အယ်လာဘာလင်စကာ ပါဝင်မည်

**နယူးယောက် ဇွန် ၂၈**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Beach Read ဇာတ်ကားတွင် မင်းသမီး အယ်လာဘာလင်စကာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

Beach Read ဇာတ်ကား၌ မင်းသမီး အယ်လာဘာလင်စကာ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ၂၀ ရာစုစတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါ ဇာတ်ကားတွင် မင်းသမီး အယ်လာဘာလင်စကာသည် စာရေးဆရာမ အမ်မလီဟင်နရီ၏ ခေါင်းစဉ်အမည်တူ ဝတ္ထုတိုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Beach Read ဇာတ်ကားတွင် အယ်လာဘာလင်စကာသည် မင်းသမီး ဖိုးဘီးဒီနီဗာ၊ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားသည် စာရေးဆရာမတစ်ဦးနှင့် စာရေးဆရာတစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ယူလင်ကောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ၁၆ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်မည်

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ၁၆ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဟာသသရုပ်ဆောင်လူရွှင်တော် ဒိန်းဒေါင်က ပြောပြ၍ သိရသည်။

အဆိုပါ ၁၆ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈) ရပ်ကွက် မိဘကျေးဇူးဆပ်ဘုရားဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး (ရန်ကုန်တိုင်းဒေသကြီး) ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ပွဲစီစဉ်မှုနဲ့ ပတ်သက်တဲ့ အခြေအနေကတော့ ရန်ကုန်မှာက လမ်းပန်းဆက်သွယ်ရေးက အဆင်ပြေပြီး၊ နေထိုင်ရေးအတွက် သက်သာတာကြောင့်လဲ ရန်ကုန်မှာပဲ ကျင်းပဖို့ စီစဉ်လိုက်တာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ သက်ကြီးလူရွှင်တော် အဖေကြီးတို့အတွက် ဆေးပဒေသာပင် စိုက်ထူကာ လစဉ် လှူဒါန်းပေးနိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဟာသသရုပ်ဆောင်လူရွှင်တော် ဒိန်းဒေါင်က ပြောပြသည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ကန်တော့ခံအသက် ၆၅နှစ်နှင့် အထက်ရှိသူ ပူဇော်ခံပုဂ္ဂိုလ် စုစုပေါင်းဦးရေ ၁၃၀ ကျော်ရှိကြောင်း သိရသည်။ ASH

# Vice President U Nyo Saw addresses MSME Development Work Committee Meeting (1/2026)



**Vice President U Nyo Saw delivers an address at the MSME Development Work Committee Meeting (1/2026).**

**Nay Pyi Taw June 28**

The Micro, Small and Medium Enterprises (MSME) Development Work Committee Meeting (1/2026) was held at 9:30 am today in the assembly hall of Ministry Office No. 30, the Ministry of Industry and Micro, Small and Medium Enterprises Development in Nay Pyi Taw. Vice President U Nyo Saw, also Chairman of the MSME Development Work Committee, attended and delivered an address.

The meeting was attended by Union Minister Dr Charlie Than, Vice Chairman of the Work Committee, along with Union Ministers Dr Kan Zaw, Dr Myo Thein Kyaw, U Min Naung, U Ko Ko Lwin, and U Tun Ohn, who are committee members. Also in attendance were the Chairman of the Nay Pyi Taw Council, Chief Ministers of Regions and States, Deputy Ministers, the Chairman and members of the MSME Agency, experts from various associations, and invited guests.

First, Vice President U Nyo Saw delivered his opening remarks, outlining several key directives and implementation strategies. He highlighted the implementation of directives given by the President during the Central Committee meeting, as well as the responsibilities of the MSME Work Committee mentioned during the World MSME Day commemoration ceremony. He detailed plans to expand the cultivation of cotton, bamboo, rubber, and coffee for national benefit, and to increase the production of finished goods. Furthermore, he stressed the need for a comprehensive approach covering raw materials, technology, capital, and skilled labour to produce high-quality products that meet international market standards. Noting that MSME development relies heavily on agricultural growth, the Vice President discussed methods to boost both the quantity and quality of agricultural production. Reflecting on the MSME exhibition successfully held on 27 June to mark World MSME Day, where Regions and States comprehensively showcased local products, he emphasised the need to further diversify and develop new product lines. He also addressed the expansion of the livestock sector across Regions and States using modern systems. To ensure domestic self-sufficiency, he instructed that the cultivation of various oilseed crops be expanded across Regions and States, and that oil mills be upgraded to produce refined, high-standard edible oil. He noted that the "One Region, One Product" project—a presidential directive successfully implemented internationally—must utilise only domestically available raw materials when creating new product categories. He stated that natural resources across Regions and States must be used systematically without illegal exploitation, and that factories, workshops, water supply, electricity, and basic infrastructure must be properly managed. Finally, he urged the adoption of modern technologies, including Artificial Intelligence (AI), and advised prioritising "Quick Win" initiatives to rapidly and effectively implement regional MSME operations.

Afterward, Work Committee Secretary Deputy Minister Dr. Aung Zeya and the MSME Agency Chairman explained the status of implementations on the decisions of the Working Committee Meeting (1/2025) and submissions presented to the Working Committee.

Then, Work Committee Vice Chairman Union Minister Dr. Charlie Than explained regarding the action plans to be continued by the Working Committee in accordance with the policies of the State.

Subsequently, Work Committee members, including Union Ministers, the Nay Pyi Taw Council Chairman, Region and State Chief Ministers, Deputy Ministers, and experts from associations, explained and discussed the status of measures to be taken to improve agriculture-based manufacturing and to ensure progress throughout the trade and service chain from manufacturing, the status of encouraging and promoting agriculture-based manufacturing businesses such as bamboo, cotton, rubber, and coffee businesses using domestic raw materials, the status of implementing the 14 duties of the MSME Work Committee in accordance with the SME Law, and the status of arrangements made for the development of the human resources sector.

Afterward, the Work Committee Chairman Vice-President reviewed and discussed the presentations regarding the development of micro, small, and medium enterprises, gave a concluding speech, and adjourned the meeting. 100

# Israeli military activities continue in S. Lebanon despite framework agreement: report

**Jerusalem June 28**

Israeli military activities continued across southern Lebanon on Sunday despite a newly signed framework agreement between Lebanon and Israel aimed at lasting peace and security.

Israeli airstrikes and drone attacks hit several areas across southern Lebanon, including the towns of Nabatieh al-Fawqa, Deir Siriane, Taybeh, and Baraachit, Lebanon's state-run National News Agency (NNA) reported.

Israeli forces carried out explosions and set homes on fire in the border town of Khiam, the NNA reported, adding they also fired cluster munitions toward the towns of Shebaa and Shouaya.

No casualties were immediately reported in the incidents.

Meanwhile, the Israel Defense Forces said in a statement that an Israeli military officer, Captain David Hazutt, was killed and another soldier wounded in southern Lebanon early Sunday.

Israel's state-owned Kan TV reported the incident occurred when a Hezbollah militant opened fire on an Israeli unit entering Deir Siriane to check a suspicious building.

On Friday, U.S. Secretary of State Marco Rubio said Israel and Lebanon had reached a framework agreement for "lasting peace and security."

The agreement, signed at the end of the latest round of ambassador-level talks in Washington, D.C., called again for the implementation of a fragile ceasefire between the two sides.

Xinhua

# World Bank approves 250 mln USD for Bangladesh to strengthen public institutions

**Dhaka June 28**

The World Bank's board of executive directors has approved 250 million U.S. dollars in financing to help Bangladesh modernize five key government agencies, aiming to improve transparency, accountability and efficiency in public sector operations.

The Washington-based lender, in a statement released on Sunday, said the Strengthening Institutions for Transparency and Accountability (SITA) project approved on June 12 takes a comprehensive approach to strengthening government institutions for improving data production, domestic revenue mobilization, public investment management, procurement and audit.

It will support investments in digital systems, institutional reforms and capacity building across the five agencies.

"By modernizing systems and enhancing transparency in procurement, data quality, domestic resource mobilization, public financial management, and project implementation, the project is expected to build a stronger foundation for effective service delivery," Zonayed Saki, Bangladesh's state minister of finance and planning, was quoted as saying in the statement.

He said it is also expected to enhance public trust in government institutions and make them more accountable to the people.

Jean Pesme, the World Bank's divisional director for Bangladesh and Bhutan, said the country's next phase of growth depends on strong, transparent institutions that people and investors can trust.

Xinhua

# Bamauk Township to cultivate more than 38,000 acres of rainfed paddy this year



Photo shows a thriving monsoon paddy plantation.

**Bamauk June 28**

Agricultural daya from Katha District Agriculture Department stated that local authorities in Bamauk Township of Sagaing Region have earmarked cultivation of more than 38,000 acres of rainfed paddy in the township this monsoon.

During the 2026-2027 monsoon cropping season, Bamauk Township plans to cultivate 38,867 acres of rainfed paddy. Planting is scheduled to take place from July through September this year.

"We have targeted the cultivation of more than 38,000 acres of monsoon paddy in Bamauk Township during this year's monsoon cropping season. Efforts will be made to ensure that the targeted acreage is fully achieved. Necessary technologies and quality seed varieties will be provided for paddy cultivation. Field-level assistance will also be carried out to help farmers plant their monsoon paddy on time," said Daw Khin Myat Myat Oo, Head of of the Department of Agriculture in Katha District.

During this year's monsoon cropping season, the relevant township agriculture department and local farmers will work together to ensure that monsoon paddy can be cultivated systematically and without difficulties.

In Bamauk Township, monsoon paddy farmers will receive agricultural technical support, awareness training on pest prevention and control, guidance to minimize crop losses, and information on ensuring that harvested paddy is transported under shelter in a timely manner.

To ensure successful cultivation and good yields from this year's monsoon paddy fields in Bamauk Township, staff from the Township Department of Agriculture will provide field-based technical assistance, including the selection and cultivation of quality certified seeds, pest surveillance, land preparation and weeding, rouging of off-type plants, and the systematic application of fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Demand high in trading of river catfish in Nyaungdon Township

**Nyaungdon June 28**

Trading of river catfish is booming at the domestic market due to high demand in Nyaungdon Township of Ayeyawady Region, said Daw Khin Khin, the owner of fishery trading depot in Nyaungdon Township.

From Nyaungdon Township, river catfish have seen strong demand and good sales from the third week of May up to the present, according to reports. In the area, between 3,500 and 6,000 viss of river catfish are reportedly traded daily.

"River catfish produced in Nyaungdon Township are receiving strong demand from the Yangon market. Locally produced river catfish from this area are mainly exported and sold to the Yangon market. At present, catfish output is lower than before. Right now, river catfish are among the best-selling fish in the market. As sales have improved, workers, business operators, and especially fish farming entrepreneurs are getting better business opportunities. River catfish produced in Nyaungdon Township are of good quality," said Daw Khin Khin.

In Nyaungdon Township, brokerage business owners purchase locally produced river catfish, process them into market-ready products, and redistribute them for sale, according to reports. River catfish from the area are currently priced at up to K19,500 per viss.

Kyaw Kyaw Lin

# Budalin Township to grow more than 5,000 acres of sunflower this year

**Budalin June 28**

The agricultural data compiled by Budalin Township Agriculture Department stated that local authorities have earmarked cultivation of more than 5,000 acres of sunflower as monsoon season crop in Budalin Township of Sagaing Region this year.

They set a plan to grow 5,710 acres of sunflower in Budalin Township in 2026-27 monsoon cultivation season. At present, local farmers are in work of ploughing the croplands to grow sunflower.

U Phyo Wai, Head of the Township Agriculture Department, said: "Authorities earmarked cultivation of more than 5,000 acres of sunflower. We will contribute to meeting the target cultivation. Sown acreage of sunflower will be expanded to reduce import volume of palm oil from abroad. The oil production of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in cold season."

To promote the expansion of sunflower cultivation in Budalin Township, the Township Department of Agriculture is intensifying awareness and technical training programs. It is reported that training courses aimed at enhancing the capacity and performance of both agricultural staff and farmers who will cultivate sunflowers will be accelerated.

For this year's sunflower cultivation program in Budalin Township, plans have been made to provide seeds to sunflower growers and to sell urea fertilizer at affordable prices. It is also reported that sunflower seeds produced from the harvest will be distributed through a farmer-to-farmer seed exchange system.

206

# ChaungU Township decides to grow more than 20,000 acres of pigeon pea this year

**ChaungU June 28**

ChaungU Township Agriculture Department of Sagaing Region stated that local farmers will plant more than 20,000 acres of pigeon pea as monsoon crops in the township this year.

During the 2026-2027 monsoon cropping season, ChaungU Township has targeted the cultivation of 20,300 acres of pigeon pea, and planting will be carried out from June through September this year, according to reports.

"This year, during the monsoon cropping season, ChaungU Township has targeted the cultivation of more than 20,000 acres of pigeon pea. Efforts will be made to ensure that the targeted acreage is fully achieved. Measures are also being undertaken to achieve good yields in pigeon pea cultivation. Farmers cultivate pigeon pea both as a sole crop and as an intercropped crop," said U Tint Swe, head of the ChaungU Township Agriculture Department.

This year, the Township Agriculture Department in ChaungU Township will provide field-based education and technical assistance to pigeon pea farmers on the selection and cultivation of quality seed varieties, correct cultivation methods, pest prevention, and improving crop yields.

The Township Agriculture Department in ChaungU Township is also distributing technologies that combine the use of urea and borax in order to reduce the cost of purchasing foliar fertilizers for pigeon pea farmers. It is reported that the combined use of urea and borax helps reduce cultivation costs, keeps plants free from pests, and promotes better crop growth.

206

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## "မျှစ်" သို့မဟုတ် "သဘာဝ၏ အာဟာရသိုက်"

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ ခုနှစ် ၊ မေလ)

၁

## "သဘာဝ၏အာဟာရသိုက်"



"မျှစ်"တွင် ကယ်လိုရီနှင့် အဆီဓာတ် အလွန်နည်းပါးစွာပါဝင်ပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် (ပရိုတိန်းဓာတ်) များ ပါဝင်ပါသည်။ ထို့ပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသော အာဟာရဆိုင်ရာ ရတနာတစ်ပါးဖြစ်ပါသည်။



၂

## "မျှစ်"၏အာဟာရတန်ဖိုးများ

လတ်ဆတ်သောမျှစ်စို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီဓာတ် (၂၀) မှ (၂၇) ကီလိုကယ်လိုရီခန့်၊
- ကစီဓာတ် (၅) ဂရမ်ခန့်၊
- အသားဓာတ် (၂.၅) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် ၁၇ မျိုးခန့်ပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့်၊
- အမျှင်ဓာတ် (၂.၅) မှ (၃.၅) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

## "မျှစ်"တွင်ပါဝင်သောအာဟာရဓာတ်များ

- ဗီတာမင် အေ၊
- ဗီတာမင် ဘီအုပ်စု၊
- ဗီတာမင် စီ၊
- ဗီတာမင် အီး၊
- ပိုတက်စီယမ်၊
- မဂ္ဂနီစ်နှင့် ကြေးနီ၊
- ဖော့စဖရပ်စ်နှင့် မဂ္ဂနီစီယမ်ဓာတ်၊
- သံဓာတ်နှင့် ဇင့်ဓာတ်၊
- Phytosterols နှင့်
- မျှစ်ချဉ်တွင် အကျိုးပြုဘက်တီးရီးယား (Probiotics) တို့ ပါဝင်ပါသည်။

၃

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

## "မျှစ်"၏ကျန်းမာရေးအကျိုးကျေးဇူးများ

မျှစ်တွင် ပါဝင်သည့် -

- အမျှင်ဓာတ်သည် အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်း မှကာကွယ် ပေးပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- ဗီတာမင်အေနှင့် ဗီတာမင်စီသည် ကိုယ်ခံအားစနစ်အတွက် ကောင်းမွန်စေပါသည်၊
- ဗီတာမင်ဘီအုပ်စုသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုအထူး အားပေးပါသည်၊
- ဗီတာမင်အီးသည် ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါသည်၊
- ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- မဂ္ဂနီစ်နှင့် ကြေးနီသည် အရိုးအဆစ်ကျန်းမာရေးနှင့် သွေးနီဥ ဖြစ်ပေါ်မှုကို ကူညီပေးပါသည်၊
- ဖော့စဖရပ်နှင့် မဂ္ဂနီစီယမ်သည် ကြွက်သားနှင့် အာရုံကြောလုပ်ငန်း များကို ထောက်ပံ့ပေးပါသည်၊
- သံဓာတ်နှင့် ဇင့်ဓာတ်များသည် ကိုယ်ခံအားနှင့် သွေးအားကောင်း စေပါသည်၊
- Phytosterols သည် ခန္ဓာကိုယ်အတွင်း မကောင်းသော သွေးတွင်း အဆီဓာတ်စုပ်ယူမှုကို လျှော့ချပေးပါသည်၊
- မျှစ်ချဉ်တွင်ပါဝင်သော အကျိုးပြုဘက်တီးရီးယား (Probiotics) သည် အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အကျိုးပြုပြီး အစာ ကြေညက်မှုကို အားပေးပါသည်။

၄

## "မျှစ်"၏စားသုံးနိုင်မှုပုံစံများ

- မျှစ်ကို မျှစ်စို၊ မျှစ်ခြောက်နှင့် မျှစ်ချဉ်ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စားသုံးနိုင်ပါသည်။
- မျှစ်ခြောက်ဖြစ်စေ၊ မျှစ်ချဉ်ဖြစ်စေ မချက်ပြုတ်ခင် ရေနွေးနှင့် စိမ်ထားခြင်း သို့မဟုတ် ပြုတ်ခြင်းပြုလုပ်ပါက မျှစ်တွင်ပါဝင်နိုင် သည့် ဓာတုဆေးအကြွင်း အကျန်များကို လျော့နည်းစေနိုင်ပြီး နူးညံ့၍ အရသာပိုမိုကောင်းမွန်စေနိုင်ပါသည်။
- လတ်ဆတ်နူးညံ့ပြီး အရောင်မပြောင်းသေးသည့် မျှစ်စိုကို ဦးစားပေး၍ ရွေးချယ်ချက်ပြုတ်စားသောက်သင့်ပါသည်။



မျှစ်စို



မျှစ်ခြောက်



မျှစ်ချဉ်

၅

## သတိပြုရမည့်အချက်များ

မျှစ်ကို သတိပြု၍ စားသုံးသင့်သူများမှာ -

- အဆစ်အမြစ်ကိုက်ခဲတတ်သူများ၊
- ဂေါက်ရောဂါရှိသူများ၊
- ယူရစ်အက်ဆစ်များသူများ၊
- ကျောက်ကပ်ရောဂါရှိသူများ တို့ဖြစ်ပါသည်။

**မျှစ်ကို အချဉ်ဖောက်စဉ် ယင်နားခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုမိခြင်း၊ ဈေးကွက်ထဲရှိ အချို့သော မျှစ်ချဉ်များတွင် အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများ ပါဝင်နိုင်ခြင်းတို့ကြောင့် မျှစ်ကို စင်ကြယ်သည်အထိ သေချာစွာ ဆေးကြော၍ စနစ်တကျချက်ပြုတ်စားသုံးသင့်ပါသည်။**

၆

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ငှက်ပျောကေ ၁၀၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ငှက်ပျောတွေကို အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ ပိုးမွှားရောဂါ မကျရောက်စေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေ အများဆုံး စိုက်ပျိုးတဲ့ ငှက်ပျောက ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေး စတဲ့မျိုးတွေကို စိုက်ပျိုးကြပြီး ဝင်ငွေတိုးပွားစေရန် လယ်ကန်သင်းတွေမှာပါ စိုက်ပျိုးလာကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ငှက်ပျောစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငှက်ပျောတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကင်းမွန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကင်းမွန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ကင်းမွန်ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ကင်းမွန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကင်းမွန်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့မေလအတွင်း ကင်းမွန်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေတယ်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကင်းမွန်တစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည် ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက္ကယ်ကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၀ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။

**ချိုလေး**




# ပေါက်ခေါင်းမြို့နယ် ချောင်းဇောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ပေါက်ခေါင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဇောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချောင်းဇောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ဖြည့်သွင်းထားခြင်း ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် ချောင်းဇောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

**ကိုညို**



**ရှေ့ဖုံးမှအဆက်**

ဒေါက်တာမျိုးသိမ်းကျော်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဦးထွန်းအုံ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ဒုတိယဝန်ကြီးများ၊MSME အေဂျင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားခဲ့သည့်အချက်များနှင့် ကမ္ဘာ့အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ်အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည့် MSME လုပ်ငန်းကော်မတီအနေဖြင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် အခြေအနေများ၊ နိုင်ငံတော်အတွက် အကျိုးရှိမည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးရေးနှင့် ကုန်ချောများတိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများ၊ အရည်အသွေးပြည့်မီသည့် နိုင်ငံတကာဈေးကွက်ဝင်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားစသည့် ဘက်စုံထောင့်စုံကဏ္ဍစုံကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အခြေအနေများ၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုသာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးလုံးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် MSME ထုတ်ကုန်ပြပွဲကို စည်စည်ကားကားကျင်းပခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME ထုတ်ကုန်များကို ပြည့်ပြည့်စုံစုံပြသနိုင်ပြီး အမည်သစ်များ ထပ်မံတိုးတက်အောင်ဆောင်ရွက်ရမည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီသည့်စနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သွားရမည့်အခြေအနေများ၊ နိုင်ငံအတွင်း စားသုံးဆီဖူလုံမှုရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆီထွက် သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးပြီး ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အဆင့်မီဆီသန့်များထုတ်လုပ်နိုင်ရေးအတွက် ဆီစက်များကို အဆင့်မြှင့်တင်ရမည့်အခြေအနေများ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တစ်ခုဖြစ်သည့် ဒေသတစ်ခု ထွက်ကုန်တစ်ခု စီမံကိန်းသည် နိုင်ငံတကာတွင်လည်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်အမည်သစ်များ ထုတ်လုပ်ရာတွင် ပြည်တွင်း၌ရှိသည့် ကုန်ကြမ်းများကိုသာ အသုံးပြုနိုင်မည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝသယံဇာတများကို တရားမဝင်သုံးစွဲခြင်းမပြုဘဲ စနစ်တကျသုံးစွဲရန်နှင့် စက်ရုံ၊ အလုပ်ရုံများ၊ရေလျှပ်စစ်မီး၊အခြေခံအဆောက်အအုံများ စနစ်တကျရှိရန်လိုအပ်မှုအခြေအနေများ၊ ဉာဏ်ရည်တုနည်းပညာ (AI) အပါအဝင် ခေတ်မီနည်းပညာများကို အသုံးပြုရေးနှင့် ဒေသတွင်း MSME လုပ်ငန်းများကို အချိန်တိုအတွင်း မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် Quick Win ဖြစ်မည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ MSME အေဂျင်စီဥက္ကဋ္ဌတို့က လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်အပေါ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီသို့တင်ပြလာသည့် အမှာစာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နိုင်ငံတော်၏မူဝါဒများနှင့်အညီ လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များကစိုက်ပျိုးရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုတိုးတက်စေရေးနှင့် ကုန်ထုတ်လုပ်မှုမှ တစ်ဆင့် ရောင်းဝယ်မှု၊ ဝန်ဆောင်မှုကွင်းဆက် တစ်လျှောက် တိုးတက်အောင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်တွင်းကုန်ကြမ်းကို အသုံးပြုပြီး စိုက်ပျိုးရေးအခြေခံထုတ်လုပ်မှုလုပ်ငန်းများဖြစ်သော ဝါး၊ ဝါ၊ ရော်ဘာ၊ ကော်ဖီလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ၊ SME ဥပဒေအရ MSME လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ၁၄ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်နားလိုက်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**❑ မန္တလေးတိုင်းဒေသကြီးမှ**

ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ၊ ဆရာမများက စနစ်တကျကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက “ကျွန်တော်တို့ကျောင်းက မနှစ်ကထက်စာရင် ဒီနှစ်အောင်ချက်က ငါးရာခိုင်နှုန်းလောက်တက်လာပါတယ်။မနှစ်က ငါးဘာသာဂုဏ်ထူးရှင် တစ်ယောက်ပဲရှိခဲ့တယ်။ ဒီနှစ်မှာတော့ လေးယောက်ရှိခဲ့တယ်။ အောင်ချက်လဲတက်တယ်၊ ဂုဏ်ထူးအရေအတွက်လဲများလာတယ်။ အောင်ချက်ရာခိုင်နှုန်း ငါးရာခိုင်နှုန်းလောက်တက်လာတဲ့အတွက် ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုဂုဏ်ယူပါတယ်”ဟု ပြောသည်။




ဒေါက်တာသန်းထိုက်စိုး



မောင်စည်သူဗိုလ်



မအိကေဇင်




မမေဇင်ဖုန်းမြတ်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိပြီး တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် မသီရိစိုးက “ကြိုးစားခဲ့ပေမယ့် ရမယ်လို့မျှော်မှန်းမထားဘူး၊ အခုလိုရတဲ့အတွက် ပျော်ပါတယ်။ ဆရာ၊ဆရာမအားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ CAE ကိုယ်ပိုင်အထက်တန်းကျောင်းကို ရောက်ရှိတဲ့အခါမှာ ဂရုစိုက်ပြီး သင်ကြားပေးခဲ့ပါတယ်။ တစ်ရက်စာ တစ်ရက်ကို ပိုင်အောင်လုပ်ရတယ်။ မေးခွန်းဟောင်းတွေ ထပ်ခါတလဲလဲ လေ့လာလေ့ကျင့်ရတယ်။ လိုလေသေးမရှိအောင် သင်ကြားပေးခဲ့ပါတယ်။ ဒါကြောင့် ဒီလိုမျိုးရရှိခဲ့တာလို့ ထင်ပါတယ်။ ကြိုးစားရင် အကုန်လုံးရရှိနိုင်တဲ့အတွက် အောင်မြင်မှုပန်းတိုင်ကို လက်မလျှော့ဘဲ ကြိုးစားကြဖို့ မောင်လေးတွေ၊ ညီမလေးတွေကို အကြံပြုပြောချင်ပါတယ်”ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးထွက်ရှိပြီး တစ်နိုင်ငံလုံး ဒုတိယအမှတ်အများဆုံးရရှိသည့် မောင်စည်သူဗိုလ်က “အခုလိုမျိုးရရှိလာတယ်ဆိုတာက ကျွန်တော်တစ်ယောက်တည်းတော်လို့မဟုတ်ပါဘူး။ စာသင်ကြားပေးတဲ့ဆရာ၊ဆရာမတွေနဲ့ ထောက်ပံ့ပေးတဲ့ အဖေနဲ့ အမေတို့ရဲ့ ကျေးဇူးကြောင့်ဖြစ်ပါတယ်။ ပုံမှန်လေ့ကျင့်မှုက အဓိကပါ၊ နေ့စဉ်ကြိုးစားလေ့ကျင့်မှုကနေ အခုလိုအောင်မြင်မှုရရှိခဲ့တာပါ”ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် တစ်နိုင်ငံလုံး ပဉ္စမရရှိသည့် မအိကေဇင်က “ကြိုးစားမှုနဲ့အတူ စိတ်ဖိစီးမှုလဲရှိခဲ့တယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေ၊ မိဘနဲ့ မိသားစုဝင်တွေကပေးတဲ့ ခွန်အားနဲ့ကြိုးစားခဲ့တာပါ။ အဓိကတော့ သင်ခန်းစာအကုန်လုံးကို လေ့လာထားဖို့ လိုအပ်ပါတယ်။ စေ့စေ့စပ်စပ်သေချာလေ့လာမှုကနေ ဒီလိုအောင်မြင်မှုရရှိခဲ့တာဖြစ်တဲ့အတွက် လေ့လာမှုကိုမလျော့ဖို့အကြံပြုလိုပါတယ်” ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသည့်အပြင် တစ်နိုင်ငံလုံး ဆဋ္ဌမရရှိသည့် မမေဇင်ဖုန်းမြတ်က “ဆရာမတွေသင်ပြပေးတဲ့ သင်ခန်းစာအတိုင်းလိုက်လုပ်ပြီး တစ်နေ့စာတစ်နေ့ သေချာလေ့လာပါတယ်။ ဖေဖေနဲ့ မေမေကလဲ လိုလေသေးမရှိအောင် ထောက်ပံ့ပေးခဲ့တယ်။ ကျောင်းသား၊ ဆရာနဲ့မိဘ ပူးပေါင်းကြိုးစားတဲ့အတွက် ဒီလိုမျိုးရရှိခဲ့တယ်လို့ ထင်ပါတယ်။ အခုလိုအောင်မြင်အောင်သေချာသင်ကြားပေးတဲ့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။



မဆောင်းနှင်းဖြူ




မအိမ့်မှူးခင်

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိပြီး မန္တလေးတိုင်းဒေသကြီးအဆင့် ဆဋ္ဌမရရှိသည့် မဆောင်းနှင်းဖြူက “နေ့တိုင်း ကျောင်းကသင်ကြားတဲ့စာတွေကို အကြွေးမထားဘဲ လေ့လာခဲ့ပါတယ်။ ကျောင်းကပြန်လာတိုင်း စာလေ့လာ၊ လေ့ကျင့်ဖြစ်အောင် အဖေနဲ့ အမေကအားကနေ ကူညီစောင့်ရှောက်ပေးခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေက သေချာသင်ကြားပေးခဲ့ပါတယ်။ အဲဒီကျေးဇူးတွေအတွက် ဦးထိပ်ထားကန်တော့ပါတယ်။ အခုနှစ် ဖြေဆိုကြမယ့် မောင်လေးတွေ၊ ညီမလေးတွေအနေနဲ့ စေ့စပ်သေချာမှုရှိပြီး အမြဲတမ်းမှတ်မိစေဖို့ နေ့စဉ်မပြတ်စာလုပ်ဖို့အကြံပေးချင်ပါတယ်။ စာမေးပွဲနားနီးမှ ကပ်လုပ်တာမျိုးမဟုတ်ဘဲ ကြိုတင်ပြင်ဆင်မှုနဲ့ ကျော်ဖြတ်သွားစေချင်ပါတယ်”ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် မအိမ့်မှူးခင်က “စာသင်နှစ်အစကတည်းက တစ်ရက်စာတစ်ရက်ကို ပုံမှန်လုပ်တယ်၊ တစ်ပတ်စာ တစ်ပတ်ပုံမှန်လေ့လာတယ်။ ကြိုးစားတဲ့အချိန်မှာ ပင်ပန်းတာတော့ရှိခဲ့ပါတယ်။ ဒါပေမဲ့ အရှုံးမပေးဘဲဆက်တိုက်ကြိုးစားမှုနဲ့ပဲ ကိုယ်ရည်မှန်းတဲ့ပန်းတိုင်ကိုရောက်ရှိခဲ့တာပါ။ ကျွန်မအဖေကတော့ ငယ်ငယ်လေးကတည်းက ဆုံးသွားတာပါ။အဘိုး၊အဘွားနဲ့ မေမေတို့ရဲ့ ထောက်ပံ့မှု၊ ပံ့ပိုးမှုနဲ့ အခုလိုအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် နိုင်ငံတော်ကို အကျိုးပြုသွားဖို့ ရည်မှန်းထားပါတယ်”ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင် စာစစ်ဌာနခွဲ၌ ၁၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ သုံးဘာသာဂုဏ်ထူးရှင်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ရှိခဲ့ပြီး ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့ကြကြောင်းသိရသည်။ **မျိုးသန့်(မန္တလေး)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့၌ အဆင့် (၁)မှ (၁၀)အတွင်း ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦးရရှိခဲ့

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၆၈၈၉ ဦး ဝင်ရောက်ဖြေဆိုမှုတွင် ၂၃၂၀၃ ဦး အောင်မြင်ကာ အောင်မြင်မှုရာခိုင်နှုန်း ၄၉ ဒသမ ၄၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၇၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၉၇ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၆၄၁ ဦး၊သုံးဘာသာဂုဏ်ထူးရှင် ၉၈၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁၇၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၄၇၉ ဦး ရှိခဲ့သည်။

ထို့ပြင် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် (၁)မှ (၁၀) အတွင်းရရှိသူ သုံးဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ဝိပ္ပံတွဲဖြင့် အဆင့်(၁) တစ်ဦး၊ သိပ္ပံတွဲဖြင့် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အဆင့် (၄) တစ်ဦးနှင့် ဝိပ္ပံတွဲဖြင့် လှည်းကူးမြို့နယ် မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းမှ အဆင့်(၅) တစ်ဦးတို့ဖြစ်ကြသည်။

ထိုကဲ့သို့ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်-



ဒေါက်တာ စန္ဒာမြင့်မိမ်း



မသက်နှင်းစံ



မမေမြတ်သဲခိုင်



မောင်ကောင်းခန့်ဇော်

**ဒေါက်တာ စန္ဒာမြင့်မိမ်း(ကျောင်းအုပ်ကြီး၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း)**

"၂၀၂၆ ခုနှစ်မှာ ဒဂုံအထက(၁)အနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ ၂၄၉ ဦး ဖြေဆိုခဲ့ပြီး အောင်မြင်သူ ၁၈၈ ဦးမှာ ဂုဏ်ထူးက ၈၆ ဦးနဲ့ ရိုးရိုးအောင်မြင်မှု ၁၀၂ ဦးရှိတဲ့အတွက် အောင်ချက် ၇၅ ဒသမ ၅၀ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး အဆင့် (၄)နဲ့ အောင်မြင်သူတစ်ဦး၊ တိုင်းဒေသကြီးအနေနဲ့ အဆင့်(၁)၊ အဆင့် (၄)နဲ့ အဆင့် (၇) သုံးဦး အောင်မြင်မှုရရှိခဲ့ပါတယ်။

အခုလိုအောင်မြင်မှုရရှိတာဟာ မိဘ၊ ဆရာနဲ့ ကျောင်းသား၊ ကျောင်းသူ ပူးပေါင်းမှုရလဒ်ပဲဖြစ်ပါတယ်။ စာသင်နှစ်တစ်ခုလုံး တတ်မြောက်မှုစစ်ဆေးခြင်း လေးကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးရာမှာ ကောင်း၊ သင့်၊ ညံ့ ကလေးအားလုံး အကျိုးဝင်ဖြေဆိုနိုင်အောင် ဘာသာရပ်မှူးတွေ ဦးဆောင်မှုနဲ့ မေးခွန်းပြုစုပြီး စစ်ဆေးခဲ့ပါတယ်။ အဲဒီကနေ ရရှိတဲ့ရလဒ်အရ အားနည်းတဲ့ကလေးတွေကို သက်ဆိုင်ရာဘာသာရပ်မှူးတွေနဲ့ မိဘတွေ ပူးပေါင်းပြီး အောင်ချက်မြင့်မားရေး အစီအစဉ်တွေပြုလုပ်ခဲ့ပါတယ်။ ကျောင်းကနေ ထူးချွန်ကျောင်းသားတွေ နှစ်စဉ်ပေါ်ထွန်းမှုအတွက် နိုင်ငံအတွက်သာမက ရန်ကုန်တိုင်းဒေသကြီးနဲ့ ဒဂုံ အထက-၁ အတွက် အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အောင်မြင်မှုကိုအခြေခံပြီး ပိုမိုမြင့်မားတဲ့ ပညာရပ်တွေကိုဆည်းပူးပြီး နိုင်ငံနဲ့လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အားနည်းခဲ့တဲ့သူတွေကလဲ တစ်ခါမအောင်မြင်တာဟာ ဘဝတစ်ခုလုံးရှုံးနိမ့်သွားတာ မဟုတ်တဲ့အတွက် စိတ်ဓာတ်မကျဘဲထပ်မံကြိုးစားဖို့ အားပေးတိုက်တွန်းပါတယ်"ဟု ပြောသည်။

**မသက်နှင်းစံ သိပ္ပံတွဲ တစ်နိုင်ငံလုံးအဆင့်(၄)**

"၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး အဆင့်(၄)နဲ့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အဆင့်(၁) ရရှိခဲ့ပါတယ်။ ကျောင်းနဲ့ မိဘအတွက် အခုလိုအောင်မြင်မှုရရှိအောင် ကြိုးစားပေးနိုင်ခဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မကို အမြဲပံ့ပိုးစောင့်ရှောက်ပေးခဲ့တဲ့ ဖေဖေနဲ့ မေမေကို အဓိကကျေးဇူးတင်ပါတယ်။ ပြီးတော့ သင်ခန်းစာတိုင်းကို စနစ် တကျသင်ကြားပြသပေးခဲ့တဲ့ ဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ပါတယ်။ အနန္တဂိုဏ်းဝင်မိဘနဲ့ ဆရာတွေကို လက်စုံမိုးပြီး ဦးခိုက်ကန်တော့ပါတယ်။ ကျောင်းမှာစာသင်ယူတဲ့အချိန်တုန်းက အမှတ်အများဆုံးရတဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို ထူးချွန်ထက်မြက်တံဆိပ်ပိုင်းလေးတွေ တပ်ဆင်ပေးထားတာကြောင့် အဲဒီတံဆိပ်လေးမပြုတ်သွားအောင် စာကို အမြဲကြိုးစားလေ့လာခဲ့ပါတယ်။ စာမေးပွဲဖြေဆိုတဲ့အခါမှာလဲ အမှတ်ပေးစည်းမျဉ်းနဲ့အညီ ဖြေဆိုတတ်အောင် တက္ကသိုလ်က ပါမောက္ခ ဆရာ၊ ဆရာမကြီးများကိုဖိတ်ခေါ်ပြီး သင်ပြပေးခဲ့ပါတယ်။ ဒီလိုသင်ယူနိုင်အောင်စီစဉ်ပေးတဲ့ ကျောင်းအုပ်ဆရာမကြီးကိုလဲ ကျေးဇူးအထူးတင်ပါတယ်။

အခုလို တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ဖို့တစ်နေ့သင်ကြားတဲ့စာကို တစ်နေ့အပြတ်လေ့လာခဲ့ပါတယ်။ စာသင်နှစ်တစ်ခုလုံးမှာသာမန်ကြိုးစားမှုထက်ပိုတဲ့ လေ့ကျင့်မှုနဲ့ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်လုံးစာကြည့်နေတာမျိုးမဟုတ်ဘဲ စိတ်အပန်းဖြေဖို့ နားချိန်လဲထားဖို့ လိုအပ်တယ်ဆိုတာ အကြံပြုလိုပါတယ်"ဟု ပြောသည်။

**မမေမြတ်သဲခိုင် ရန်ကုန်တိုင်းဒေသကြီး အဆင့်(၄)**

"တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်ခဲ့ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အဆင့် (၄)ရရှိခဲ့ပါတယ်။ အခုလိုအောင်မြင်မှုရရှိအောင် မိဘနှစ်ပါးနဲ့ ဆရာ၊ ဆရာမတွေက အများကြီးပံ့ပိုးခဲ့ပါတယ်။ အခုလို ကျောင်းရဲ့ ဂုဏ်ကိုဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

တက္ကသိုလ်ဝင်တန်းဖြေဆိုကြမယ့် မောင်လေး၊ ညီမလေးတွေကို အကြံပြုချင်တာက ကိုယ့်ကိုယ်ကိုယ် မလိမ်ပါနဲ့။ စာမရတာ၊ မသိတာရှိရင် ဆရာ၊ ဆရာမတွေကို သေသေချာချာမေးမြန်းပြီး ရှင်းပြပေးဖို့ တင်ပြသင့်ပါတယ်။ တက္ကသိုလ်ဝင်တန်းဟာ အရေးကြီးတာကြောင့် အချိန်ဇယားရေးဆွဲပြီး စာကိုသေချာလုပ်ဖို့ အကြံပြုလိုပါတယ်။ ကြိုးစားမှုတိုင်းဟာ အချည်းအနှီးမဟုတ်ပါဘူး။ ကိုယ်ကြိုးစားတဲ့အတိုင်း ပြန်ရပါတယ်။ ကျွန်မကတော့ဆေးပညာကိုသင်ယူလေ့လာပြီး နိုင်ငံတော်အတွက် လိုအပ်တဲ့နေရာမှာ တာဝန်ထမ်းဆောင်ချင်ပါတယ်"ဟု ပြောသည်။

**မောင်ကောင်းခန့်ဇော် ရန်ကုန်တိုင်းဒေသကြီးအဆင့်(၇)**

"ကျွန်တော်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ အဆင့် (၇)ရရှိခဲ့ပါတယ်။ ပျော်ရွှင်မှုထဲမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ခံစားမှုဟာ ထူးခြားပါတယ်။ စာသင်နှစ်မှာ ဖေဖေနဲ့ မေမေက လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးပြီး ဆရာ၊ ဆရာမတွေကလဲ စိတ်ရှည်ရှည်နဲ့ လေ့ကျင့်သင်ကြားပေးကြပါတယ်။ တစ်နှစ်ပတ်လုံးစာကိုပဲ တစိုက်မတ်မတ်ကြိုးစားခဲ့ပါတယ်။ အဲဒီကျေးဇူးတွေနဲ့ ကြိုးစားခဲ့မှုကြောင့် ဒီအဆင့်ကို တက်လှမ်းနိုင်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ဝင်တန်းဖြေမယ့် ညီငယ်၊ ညီမငယ်တွေကို ကြိုးစားဖို့ တိုက်တွန်းအကြံပြုပါတယ်။ ကြိုးစားမှုအတိုင်းအောင်မြင်မှုကို ပြန်လည်ရရှိပါလိမ့်မယ်။ ကျွန်တော်ကတော့ ဆေးပညာကို သင်ယူပြီးတော့ နိုင်ငံတော်အတွက် လိုအပ်တဲ့ဘက်ကနေ ကူညီပေးသွားမှာပါ "ဟု ပြောသည်။

**တွေ့ဆုံမေးမြန်း - သစ္စာ(MNA)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ အောင်မြင်သူ ၂၃၂၀၃ ဦးရှိခဲ့

**ရန်ကုန် ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာစစ်ဌာန ၁၀၃ ခု၌ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၄၆၈၈၉ ဦးမှ အောင်မြင်သူ ၂၃၂၀၃ ဦး အောင်မြင်မှုရာခိုင်နှုန်း ၄၉ ဒသမ ၄၈ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။

ထို့သို့ တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၁၀၃ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာမှုကို ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများက စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၃၂၀၃ ဦးအောင်မြင်တဲ့အတွက် ၄၉ ဒသမ ၄၈ ရာခိုင်နှုန်းရရှိခဲ့ပါတယ်။ မနှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း လေးရာခိုင်နှုန်း ကျသွားပေမယ့် ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေ(ပညာ)က ပြောပြသည်။

ထို့အတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၀၂ ဦး ဝင်ရောက်ဖြေဆိုရာ ၂၀၈ ဦးအောင်မြင်ခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၇၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။

"ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းကနေ ကျောင်းသား၊ ကျောင်းသူ ၂၈၉ ဦးဖြေဆိုရာမှာ ဦးရေ ၁၅၀ အောင်မြင်ခဲ့တဲ့အတွက် အောင်ချက်က ၅၁ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။ မနှစ်က အောင်ချက်ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းကျော်ဆိုတော့ ၂၀၂၅ ခုနှစ်ထက် အောင်ချက်တိုးတက်လာပါတယ်။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကို ရည်မှန်းပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအောင်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကမာရွတ်မြို့နယ်မှ ကျောင်းသား၊ကျောင်းသူဦးရေ ၁၀၁၀ ဖြေဆိုခဲ့ရာ ၇၉၂ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၈ ဒသမ ၄၂ ရာခိုင်နှုန်းရရှိ၍ အောင်ချက်အများဆုံးမြို့နယ်အဖြစ်လည်းကောင်း၊ လမ်းမတော်မြို့နယ်မှ ၅၄၅ ဦး ဖြေဆိုခဲ့ရာ ၄၀၉ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၅ ဒသမ ၀၅ ရာခိုင်နှုန်းရရှိ၍ အောင်ချက်ဒုတိယအများဆုံးမြို့နယ်အဖြစ်လည်းကောင်း၊ ဗဟန်းမြို့နယ်မှ ၇၄၁ ဦး ဖြေဆိုခဲ့ရာ ၅၀၂ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၇ ဒသမ ၇၅ ရာခိုင်နှုန်းရရှိ၍ အောင်ချက်တတိယအများဆုံးမြို့နယ်အဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းများ အောင်ချက်မြင့်မားရေးအတွက် အဖွဲ့များဖွဲ့ကာ အောင်ချက်နည်းခဲ့သည့် စာသင်ကျောင်းများကို ကွင်းဆင်း၍ လိုအပ်ချက်များရှာဖွေကာ ဖြည့်ဆည်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်များနှင့်ချိတ်ဆက်၍ သင်တန်းပို့ချမှုအစီအစဉ်များကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ညီမိမ်းသူ(MNA)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၇၀၂၁ ဦးရှိ





**နေပြည်တော် ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် သက်ဆိုင်ရာစာစစ်ဌာနကျောင်း များ၌လည်းကောင်း၊ မြန်မာနိုင်ငံစာစစ် ဦးစီးဌာန Website ၌လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး နေပြည်တော် ကောင်စီနယ်မြေအတွင်း ဝင်ရောက် ဖြေဆိုသူ ၁၄၁၃၁ ဦးရှိသည့်အနက် အောင်မြင်သူ ၇၀၂၁ ဦး အောင်မြင်မှု ရာခိုင်နှုန်းအနေဖြင့် ၄၉ ဒသမ ၆၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသော ကျောင်း များ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင် စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများက စိတ်အား ထက်သန်စွာ လာရောက်ကြည့်ရှု ကြသည်။

"၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုသူ ၇၈ ဦးရှိပြီး အောင်မြင်သူ ၃၃ ဦးရှိပါတယ်။ အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၄၂ ဒသမ ၃၀ ရာခိုင်နှုန်းရှိပါတယ်။ အရင်နှစ်နဲ့ အောင်မြင်မှုရာခိုင်နှုန်းက အတူတူပဲဖြစ်ပါ တယ်။ ဘာသာစုံဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၂၁ ဦးရှိပါတယ်။ လာမယ့်နှစ်မှာ ဒီထက်မက အောင်ချက်ရာခိုင်နှုန်းတွေ မြင့်မားပြီး ဂုဏ်ထူးတွေအများကြီး ရရှိ အောင်ကြိုးစားကြပါ။ အခု စာသင်နှစ် အတွက်လဲ ကျောင်းအပ်နှံလို့ ရပါသေး တယ်"ဟု အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီး ဦးဝင်းမြင့်ဦးက ပြောပြသည်။

ထို့အတူ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးဒေါ်မေယဉ်မွန်က "ဒီနှစ် အောင်ချက်ရာခိုင်နှုန်းက ၄၂ ဒသမ ၆၄ ရာခိုင်နှုန်းရှိပါတယ်။ ဘာသာစုံဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး ရရှိ ကြပါတယ်။ အခုနှစ်တက်နေတဲ့ G-12 ကျောင်းသား၊ ကျောင်းသူတွေကို နှစ်အစ ကတည်းက အချိန်ပိုယူပြီးသင်ကြားပေး နေပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ဘာသာစုံဂုဏ်ထူးရှင်တွေ ထွက်ရှိသလို လာမယ့် ပညာသင်နှစ်မှာလဲ ဒီထက်မက ဂုဏ်ထူးရရှိသူတွေပိုများအောင် ဆရာ၊ ဆရာမတွေကလဲ ကြိုးစားသင်ကြား နေကြပါတယ်"ဟု ပြောသည်။

အလားတူ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်စမ်းစမ်းက "ဒီနှစ် အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ မနှစ်ကအောင်မြင် မှုရာခိုင်နှုန်းက ၃၂ရာခိုင်နှုန်းကျော်ဆိုတော့ ဒီနှစ်အောင်မြင်မှုရာခိုင်နှုန်းပိုမိုတိုးတက် လာပါတယ်။ ဂုဏ်ထူးရရှိမှုတွေကတော့ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးရရှိပါတယ်။ ကျောင်း သား၊ ကျောင်းသူတိုင်းကို မှာကြားချင်တာ ကတော့ ဘယ်အတန်းမဆို သင်ခန်းစာကို အကြွေးမထားဘဲ တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာတစ်ပတ် ပုံမှန်လေ့ကျင့်သွား မယ်ဆိုရင် ဘာသာရပ်အားလုံးအခက်အခဲ မရှိ ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် နေပြည်တော်နယ်မြေအတွင်း ဖြေဆို အောင်မြင်မှုအနေဖြင့် ဥတ္တရသီရိမြို့နယ် ၌ ဖြေဆိုသူ ၁၀၁၆ ဦး၊ အောင်မြင်သူ ၅၇၃ ဦး အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဖြေဆိုသူ ၂၁၂၅ ဦး၊ အောင်မြင်သူ ၁၀၇၁ ဦး အောင်ချက်ရာခိုင်နှုန်း ၅၀ ဒသမ ၄၀ ရာခိုင်နှုန်း၊ဇေယျာသီရိမြို့နယ်၌ ဖြေဆိုသူ ၁၅၅၂ ဦး၊ အောင်မြင်သူဦးရေ ၆၆၀ အောင်ချက်ရာခိုင်နှုန်း ၄၂ ဒသမ ၅၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ဖြေဆိုသူ ၁၈၅၁ ဦး၊ အောင်မြင်သူ ၈၁၅ ဦး အောင်ချက် ရာခိုင်နှုန်း ၄၄ ဒသမ ၀၃ ရာခိုင်နှုန်း၊ ပျဉ်းမနားမြို့နယ်၌ ဖြေဆိုသူ ၂၆၁၃ ဦး၊ အောင်မြင်သူ ၁၄၇၃ ဦး အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၃၇ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဖြေဆိုသူ ၁၅၄၄ ဦး၊ အောင်မြင်သူ ၇၇၃ ဦး အောင်ချက်ရာခိုင်နှုန်း ၅၀ ဒသမ ၀၆ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဖြေဆိုသူ ၃၀၂၁၊ အောင်မြင်သူ ဦးရေ ၁၄၇၀ အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဒက္ခိဏသီရိမြို့နယ်၌ ၄၀၉ ဦး၊ အောင်မြင်သူ ၁၈၆ ဦး အောင်ချက် ရာခိုင်နှုန်း ၄၅ ဒသမ ၄၈ ရာခိုင်နှုန်းရှိ ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူးတို့ဖြင့် အောင်မြင်သူ မမြင့်မြတ်သဇင်က "ဒီလို ဂုဏ်ထူးတွေရရှိအောင် တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာတစ်ပတ်ကို မှတ်မိနေအောင် လေ့ကျင့်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်း တွေကိုလဲ အကြိမ်များစွာလေ့ကျင့်ခဲ့ပါ တယ်။ စာကျက်မှတ်ချိန်တွေကို အချိန် ဇယားနဲ့ သေချာကျက်မှတ်ခဲ့ပါတယ်။ စားချိန်၊အိပ်ချိန်တွေ အချိန်မှန်သတ်မှတ်ပြီး ကျန်းမာရေးလဲ အထူးဂရုစိုက်ခဲ့ပါတယ်။ ကျွန်မက စိုးရိမ်စိတ်နဲ့ သင်ခန်းစာတွေကို လေ့လာတဲ့အခါ စိတ်ဖိစီးမှုဖြစ်ပြီး ပင်ပန်း ပါတယ်။ ဒါကြောင့် စိတ်အေးအေးနဲ့ လေ့လာဖို့ပြန်ပြီး သတိထားခဲ့ရတယ်။ ဒါကြောင့် အဲဒီလိုမဖြစ်အောင် မောင်လေး၊ ညီမလေးတွေကိုလဲ စိတ်အေးအေးထားပြီး လေ့လာသင်ယူဖို့ အကြံပြုချင်ပါတယ်" ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ် ဂုဏ်ထူးများ ဖြင့် အောင်မြင်သူ မောင်မြတ်ထက်ဦးက "ပထမအဆင့်အနေနဲ့ ကျောင်းက သင်ကြားလိုက်တဲ့ သင်ခန်းစာတွေကို အဲဒီနေ့မှာပဲ မှတ်မိအောင်ပြန်လည် လေ့ကျင့်ပါတယ်။ တစ်ပတ်စာတစ်ပတ် လေ့ကျင့်ပါတယ်။ အားနည်းတဲ့ဘာသာ၊ ပုစ္ဆာဆိုရင် ထပ်ခါထပ်ခါလေ့ကျင့်ခဲ့ပါ တယ်။ ကျွန်တော်က ရေကြောင်းအရာရှိ တစ်ယောက် ဖြစ်ချင်တဲ့အတွက် ရေကြောင်းသိပ္ပံတက်ဖို့ စိတ်ကူးထားပါ တယ်။ ညီလေး၊ ညီမလေးတွေကို အကြံပြုချင်တာက Grade-12 စာမေးပွဲကြီး ဆိုပြီး စိုးရိမ်စိတ်မထားပါနဲ့၊ လေ့ကျင့်ခန်း တွေ ပြန်လှန်လေ့ကျင့်ရင်း အကောင်းဆုံး ကျော်ဖြတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ် ဂုဏ်ထူးများ ဖြင့် အောင်မြင်သူ မောင်သော်ဇင်ထွန်းက "Grade-12 စာသင်နှစ်စကတည်းက ကျောင်းမှာ ဆရာ၊ ဆရာမတွေ သင်ကြား တာကို သေချာမှတ်သားပါတယ်။ အိမ် ရောက်ရင် ကျောင်းမှာသင်ကြားလိုက်တဲ့ ဘာသာရပ်အားလုံးကို ပြန်လည်လေ့ကျင့် ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက် ကတော့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ချင်တာပါ။ အမှတ်လဲကောင်းလိမ့် မယ်လို့ ယုံကြည်ထားပါတယ်။ Grade-12 အတန်းက တစ်နှစ်ပတ်လုံးနေ့စဉ် လေ့လာလေ့ကျင့်မှုနဲ့ ဖြတ်သန်းသွား မှသာ အောင်မြင်မယ့်အတန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ နှစ်စကတည်းက တစ်နေ့ စာတစ်နေ့ပုံမှန်လေ့ကျင့်ပြီး ကျန်းမာရေး ကိုလဲဂရုစိုက်ပါလို့ အကြံပြုမှာကြားချင်ပါ တယ်"ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ် ဂုဏ်ထူး များဖြင့် အောင်မြင်သူ မအိမ့်ချယ်ပိုင်က "သင်ခန်းစာတိုင်းကို တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာတစ်ပတ် စာအကြွေးမရှိ အောင် လေ့ကျင့်ခဲ့ပါတယ်။ ပြန်လှန် လေ့ကျင့်ခန်းတွေကိုလဲ အချိန်ဇယားနဲ့ လေ့လာခဲ့ပါတယ်။ အဓိက အချက်ကတော့ ကိုယ်ပိုင်အချိန်ရှိဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးလဲ ဂရုစိုက်ပါလို့ မှာကြားလို ပါတယ်"ဟု ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်း ရရှိသည်။ **အေးအေးသန့်**

● **ကွင်းဆင်းဆေးကုသမှုများမှ**

အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ဦးရေ၄၆၀၊ ကလေးသွေးရောဂါနှင့်ကလေး ဦးနှောက်နှင့် အာရုံကြောရောဂါ ဆိုင်ရာ လူနာ ၁၀၅ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၆၄၂ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်ရိုက်ခြင်း (Echocardiog-raphy) ၇၇ ဦး၊ အစာအိမ်နှင့် အူလမ်း ကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း ၁၁ ဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုစစ်ဆေး ခြင်း ရှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း(CT scan)၂၄ ဦး၊ သံလိုက် ဓာတ်မှန်(MRI) စစ်ဆေးခြင်း နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၃၄၉ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၁၂၄၅ ခု၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound) ဖြင့် ရောဂါရှာဖွေခြင်း ၁၅၂ ဦး၊ နှလုံးစက် ဖြင့်စစ်ဆေးခြင်း(ECG) ၃၂၈ ဦး၊ ဦးခေါင်းခွဲ ဖွင့်၍ ပြင်ပပစ္စည်း(Foreign Body)ခွဲစိတ် ထုတ်ပေးခြင်း တစ်ခုနှင့် ဆီးနှင့် ကျောက်ကပ်ခွဲစိတ် ကုသမှုတစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် တောင်ကြီးမြို့နယ်သာမက ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်ရှိ မြို့နယ် ၁၁ မြို့နယ် မှ မြို့ပေါ်နှင့်ကျေးလက်နေ ပြည်သူများ ပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသ မှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ ၁၉ ဦးကို သက်ဆိုင်ရာဆေးရုံကြီး များသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက် တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသကုသမှု ခံယူကြသော လူနာများကို အားပေးစကားပြောကြား ကာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး များကို တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှု များကို ကြည့်ရှုအားပေးပြီး ဒေသထွက် လက်ဆောင်များ ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်း မာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှု အတွက် လူနာမှစိုက်ထုတ်ကုန်ကျစရိတ် လျှော့နည်းစေရန် ယခုကဲ့သို့ အထူး ကုဆေးကုသရေးအစီအစဉ်များကို အခြား မြို့နယ်များသို့လည်း သွားရောက်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း World MSME Day အထိမ်းအမှတ် အခမ်းအနားများနှင့် ဆက်စပ်ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲ တက်ရောက်



**နေပြည်တော် ဇွန် ၂၈**

World MSME Day အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် MICC-1 ၌ ကျင်းပလျက်ရှိရာ ဒုတိယနေ့၌ Suppot-ing MSMEs to promoting national Economy၊ Strategies for Future MSMEs Development၊ The Crucial Role of MSME Digital Adoption in Building Myanmar's Digital Economy by FY 2030-2031 ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များမှ ဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ညနေပိုင်းတွင် World MSME Day အထိမ်းအမှတ်ပိတ်ပွဲကို ဆက်လက်ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပခဲ့သည့် အခမ်းအနားသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs)ကို အလေးထားအကောင်အထည်ဖော်နေမှုကို ပြသနိုင်ခဲ့ပြီး အစိုးရ၏မူဝါဒပိုင်းဆိုင်ရာခိုင်မာမှုနှင့် စွမ်းဆောင်ရည်ကို နိုင်ငံတကာက ပိုမိုအသိအမှတ်ပြုလာစေမည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အခွင့်အလမ်းများဖော်ဆောင်နိုင်မှုဆိုင်ရာ ဒစ်ဂျစ်တယ်တိုးတက်မှုအတွက် အနာဂတ်ခေတ်မီ MSME များအနေဖြင့် အွန်လိုင်းပေါ်တွင် မြင်သာခြင်း (Visible)၊ ယုံကြည်ရခြင်း(Trusted)၊ ငွေပေးချေမှုလွယ်ကူခြင်း(Paid)၊ ဈေးကွက်အဆင်သင့်ဖြစ်ခြင်း (Market-Ready)၊ ပို့ဆောင်မှုသေချာခြင်း(Delivered) နှင့် ရေရှည်တိုးတက်ခြင်း(Growing) ဆိုသည့် အဆင့် ခြောက်ဆင့်အတိုင်း စနစ်တကျ ကူးပြောင်းနိုင်ရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေးအရင်းအမြစ်နှင့် MSME ချေးငွေဆိုင်ရာ အခွင့်အလမ်းများအနေဖြင့် နိုင်ငံတော်ကပံ့ပိုးပေးမည့် သက်သာသော ချေးငွေများကို ပြည်တွင်းအထွေထွေ အာမခံကုမ္ပဏီကိုးခုနှင့် ပူးပေါင်း၍ အပေါင်ပစ္စည်းမဲ့ MSME ချေးငွေများကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့်ထုတ်ချေးနိုင်ရေးစနစ်များ သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် အာဆီယံချိတ်ဆက်မှုအတွက် အာဆီယံနှင့်ကမ္ဘာ့ဈေးကွက်သို့ ကုန်ကျစရိတ်မရှိဘဲ အခမဲ့ချိတ်ဆက်ပေးမည့် ASEAN Access ၏ တရားဝင် အွန်လိုင်းပလက်ဖောင်းကို အသုံးပြု၍ ပြည်ပဈေးကွက်စည်းမျဉ်းများနှင့် အကြံပေး၊ ဖြန့်ဖြူးသူများ၏ အချက်အလက်များကို တိုက်ရိုက်ရယူနိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်တွင်ကျင်းပမည့် ဂျာမနီနိုင်ငံသို့ ပြည်တွင်းထုတ်ကုန်များတင်ပို့နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမည့် သင်တန်းနှင့် ဇူလိုင် ၁၅ ရက်၊ ၁၆ ရက်တို့တွင်ကျင်းပမည့် တရုတ်နိုင်ငံမှဝယ်ယူသူများနှင့် တိုက်ရိုက်ချိတ်ဆက်ပေးမည့် (China-ASEAN Business Matchmak-ing)ပွဲများသို့ မြန်မာ MSME များ အမြန်ဆုံးပါဝင်နိုင်ရေး ချိတ်ဆက်မှုများ ရရှိစေခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံးအနေဖြင့် မိမိတို့သီးခြားစီလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအရှိန်အဟုန်မြင့်တိုးတက်လာစေရန်အတွက် "Global Partnership" ခိုင်မာစွာဖြင့် လက်တွဲကာ အစွမ်းကုန် ညှိနှိုင်းပေါင်းစပ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် ဇွန် ၂၈**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၇/ ၂၀၂၆) ထုတ်ပြန်

၁။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပံ့ပိုးပေးသော အရေးကြီးသည့်မဏ္ဍိုင်တစ်ရပ်လည်းဖြစ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က)၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ (က)၊ မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားသော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်) ပုဒ်မ ၂၀ နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ တို့တွင် ပညာသင်ယူခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းကြေညာထားပါသည်။

၃။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ၂၀၂၆ ခုနှစ် ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦးဖြေဆိုအောင်မြင်ခဲ့ပြီး ယခုနှစ်နှင့်ပါဆိုလျှင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဖြေဆိုအောင်မြင်မှုမှာ ၁၀၀ ရာခိုင်နှုန်းဖြင့် ငါးနှစ်ဆက်တိုက်ဖြေဆိုအောင်မြင်မှုဖြစ်ပြီး မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး စုစုပေါင်း အကျဉ်းသား ၄၆ ဦးအောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများနှင့် မသန်စွမ်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ နှစ်ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ သုံးဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း(မန္တလေး)မှ တစ်ဦး၊ လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းမှ တစ်ဦး၊ မန္တလေးလူငယ်သင်တန်းကျောင်းမှ လေးဦးလည်း အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ပညာရေးကို မြင့်တင်ရင်းနှီးမြှုပ်နှံခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်ကိုသာမက နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ်အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သောကြောင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူအားလုံးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များနှင့် မသန်စွမ်းကျောင်းများမှ မသန်စွမ်းသူများ ပညာသင်ယူခွင့် ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

နေ့မအားညမအား စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(ဟုသ)

❖ **ချန်ပီယံဆုဆွတ်ခူးမှ**

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး ကစားသမားဆုတို့ကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တတိယဆုရရှိခဲ့သော DAE FC အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ဆုကြေးငွေကျပ် သိန်း ၃၀ ကို တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦး၊ ဒုတိယဆုရရှိခဲ့သော ချယ်ရီအာမီ အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်ကို တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်၊ ဆုကြေးငွေကျပ်သိန်း ၅၀ ကို တိုင်းဒေသကြီးပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းတို့က ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် KSL FC အသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်များကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ ဆုကြေးငွေကျပ် သိန်း ၇၀ နှင့် ချန်ပီယံဆုဖလားကို တိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်တို့က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

STA

# တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က တီးတိန်-တွန်းဇံလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးလမ်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများတွင် Culvert များ တည်ဆောက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ မိုးတွင်းတွင်တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် တွန်းဇံမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကိုထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တွန်းဇံမြို့ရှိ Cyclone Shelter (သဘာဝဘေးဒဏ်ခိုလှုံသည့်နေရာ)ကိုကြည့်ရှုပြီး ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ(တွန်းဇံ)၌ ဆေးရုံအုပ်(တာဝန်ခံ)၊ တပ်မတော်မှ ဆရာဝန်၊ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆေးရုံတွင် ပြင်ပလူနာများ ဆေးကုသပေးနေမှုအခြေအနေနှင့် အတွင်းလူနာများ လက်ခံကုသပေးရန် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများနှင့် ဝန်ထမ်းများကို ချီးမြှင့်ငွေနှင့် ကော်ဖီထုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက် နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁.၁၂.၂၀၂၆ ရက် နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဘောမိ၊ မကျီးစင်၊ လေးမျက်နှာ၊ မြောက်စမ်း၊ ညောင်မှော်၊ သောင်တန်းဒေသများအတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး ရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမေစန်းရီ | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာခင်ကေခိုင် | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

### ❍ တက္ကသိုလ်ဝင်စာမေးပွဲမှ

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၅၅၂၈ ဦးဖြေဆိုပြီး ၁၃၃၆၇၃ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း (၅၂ ဒသမ ၃၇) ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ၃၃၆၄ ဦးဖြေဆိုပြီး ၁၆၇၂ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း (၄၉ ဒသမ ၇၀) ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဖြေဆို၊ အောင်မြင်၊ အောင်ချက်ရာခိုင်နှုန်းနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းများကိုလည်း www.myanmarexam.org တွင် လွှင့်တင်ထားကြောင်း သိရပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

အက္ခရာစဉ်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၁၆၃၄ | ၆၃၃၀ | ၅၄.၄၁% |
| ၂ | ကယားပြည်နယ် | ၄၇၁ | ၂၃၄ | ၄၉.၆၈% |
| ၃ | ကရင်ပြည်နယ် | ၃၆၆၀ | ၁၆၈၇ | ၄၆.၀၉% |
| ၄ | ချင်းပြည်နယ် | ၈၄၃ | ၁၆၁ | ၁၉.၁၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၅၂၆ | ၅၉၀၅ | ၄၇.၁၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၉၉၁ | ၂၇၆၄ | ၄၆.၁၄% |
| ၇ | နေပြည်တော် | ၁၄၁၃၁ | ၇၀၂၁ | ၄၉.၆၉% |
| ၈ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၁၄၆၂၇ | ၇၂၄၃ | ၄၉.၅၂% |
| ၉ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ၁၁၈၆၆ | ၇၀၇၂ | ၅၉.၆၀% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၁၂၁၉ | ၁၂၃၉၀ | ၅၈.၃၉% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၄၅၆၃၅ | ၂၈၃၉၃ | ၆၂.၂၂% |
| ၁၂ | မွန်ပြည်နယ် | ၁၀၅၄၂ | ၅၉၂၄ | ၅၆.၁၉% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၆၉၂ | ၈၂၀ | ၄၈.၄၆% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၈၈၉ | ၂၃၂၀၃ | ၄၉.၄၈% |
| ၁၅ | ရှမ်းပြည်နယ် (တောင်) | ၁၃၃၈၃ | ၆၅၃၇ | ၄၈.၈၅% |
| ၁၆ | ရှမ်းပြည်နယ် (မြောက်) | ၁၆၈၇ | ၇၃၅ | ၄၃.၅၇% |
| ၁၇ | ရှမ်းပြည်နယ် (အရှေ့) | ၁၉၇၂ | ၇၂၆ | ၃၆.၈၂% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၄၃၆ | ၁၆၅၀၇ | ၄၅.၃၀% |
| ၁၉ | နိုင်ငံခြား | ၂၄ | ၂၁ | ၈၇.၅၀% |
| | စုစုပေါင်း | ၂၅၅၂၂၈ | ၁၃၃၆၇၃ | ၅၂.၃၇% |

**၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

အက္ခရာစဉ်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင်ဦး ရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၂၀၀ | ၇၃ | ၃၆.၅၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၈ | ၃၀.၇၇% |
| ၃ | ကရင်ပြည်နယ် | ၁၁၂ | ၅၉ | ၅၂.၆၈% |
| ၄ | ချင်းပြည်နယ် | ၂၇ | ၁၂ | ၄၄.၄၄% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇၇ | ၁၇၇ | ၄၆.၉၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၈ | ၁၇ | ၄၄.၇၄% |
| ၇ | နေပြည်တော် | ၂၃၀ | ၁၀၁ | ၄၃.၉၁% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၄၃၅ | ၂၂၇ | ၅၂.၁၈% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၄၅ | ၁၈၄ | ၅၃.၃၃% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၃၇ | ၁၆၄ | ၄၈.၆၆% |
| ၁၁ | မွန်ပြည်နယ် | ၅၇ | ၃၁ | ၅၄.၃၉% |
| ၁၂ | ရခိုင်ပြည်နယ် | ၁၁ | ၄ | ၃၆.၃၆% |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၀၂ | ၂၀၈ | ၅၁.၇၄% |
| ၁၄ | ရှမ်းပြည်နယ် | ၄၀၅ | ၂၆၈ | ၆၆.၁၇% |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၂ | ၁၃၉ | ၃၈.၄၀% |
| | စုစုပေါင်း | ၃၃၆၄ | ၁၆၇၂ | ၄၉.၇၀% |

**၂၀၂၆ ခုနှစ် ဇွန် ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကနေဒါနိုင်ငံ မာနီတိုဘာပြည်နယ် လင်းလိတ်ဒေသအနီးတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**အော့တဝါ ဇွန် ၂၈**

ကနေဒါနိုင်ငံ မာနီတိုဘာပြည်နယ် လင်းလိတ်ဒေသအနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်ကာ တောမီးကူးစက်မှုနှုန်း မြန်ဆန်နေသဖြင့် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း မာနီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် တစ်နေရာမှ တစ်နေရာသို့ကူးစက်လောင်ကျွမ်းရာတွင် မြန်ဆန်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၁၆၀၀ ကျော်ထိ ပျက်စီးနေပြီဖြစ်ကြောင်း၊ လင်းလိတ်အနီး လောင်ကျွမ်းနေသည့် တောမီးကို လာမည့် ၄၈ နာရီအတွင်း ငြိမ်းသတ်နိုင်ရန် ကြိုးစားနေသော်လည်း မိုးလေဝသအခြေအနေပေါ် မူတည်နေကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးစားနေသော်လည်း တောမီးငြိမ်းသတ်ရန် အထောက်အကူပြု မီးသတ်ပစ္စည်း လိုအပ်ချက်များရှိနေသည့်အတွက် တောမီးကိုထိန်းချုပ်နိုင်ရန် ခက်ခဲနေကြောင်း လင်းလိတ်မြို့တော်ဝန် ဘရန်ဒန်က ပြောကြားသွားခဲ့ကြောင်း သိရသည်။

"လင်းလိတ်မြို့အနီးမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေသလို တောမီးငြိမ်းသတ်ရေးအထောက်အကူပြု ပစ္စည်းတွေ အားနည်းနေတဲ့အတွက် တောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးတာပါ"ဟု လင်းလိတ်မြို့တော်ဝန် ဘရန်ဒန်က ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဥရောပတိုက်တွင် အပူချိန်မြင့်တက်မှု ပြဿနာဖြင့် ရင်ဆိုင်နေရသူလူဦးရေ သန်းနှင့်ချီ၍မြင့်မားနေကြောင်း ထုတ်ပြန်

**ဂျီနီဗာ ဇွန် ၂၈**

ဥရောပတိုက်ရှိ ဥရောပနိုင်ငံများတွင် ဇွန်လ ပထမပတ်မှစတင်၍ အပူလှိုင်းဖြတ်သန်းမှု ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှု ပြဿနာဖြင့် ရင်ဆိုင်နေရသူ လူဦးရေသန်းနှင့်ချီ၍ မြင့်မားနေကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမြင့်ဆုံး အပူချိန်ပမာဏအဖြစ် ၃၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သော ရောဂါဝေဒနာခံစားရသူ မြင့်မားနေသကဲ့သို့ သေဆုံးသူများလည်း ရှိနေကြောင်း၊ အပူချိန်မြင့်တက်သည့် ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်နေရသည့် လူဦးရေအများစုမှာ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ ဟန်ဂေရီ၊ ဗြိတိန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ပါဝင်နေကြောင်း သိရသည်။

အပူချိန် မြင့်တက်မှုကြောင့် ဆွစ်ဇာလန်နိုင်ငံရှိ ဥရောပတိုက်၏ သက်တမ်းအရင့်ဆုံး နျူကလီးယားဓာတ်ပေါင်းဖို ဘက်ဇ်နောကို ယာယီပိတ်ထားကြောင်း၊ ပြင်သစ်နိုင်ငံတွင်လည်း အပူချိန်မြင့်မားနေမှုကြောင့် လူစည်ကားသော ဧရိယာများတွင် ရေငွေ့ဖျန်းပေးသည့်စနစ်များ တပ်ဆင်ပေးထားပြီး ဖြတ်သန်းသွားလာသူများကို အပူသက်သာအောင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဥရောပတိုက်တွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် မြင့်တက်နေသော အပူချိန်အောက်တွင် နေထိုင်နေရသူ လူဦးရေ ၁၉၃ သန်းရှိနေကြောင်း၊ ဂျာမနီနိုင်ငံတွင် အပူချိန် ၃၀ ဒီဂရီစင်ဂရိတ်နှင့်အထက် မြင့်တက်နေသော အပူချိန်အောက်တွင် နေထိုင်နေရသူ လူဦးရေ ၈၂ သန်း ရှိနေကြောင်း၊ ဟန်ဂေရီနိုင်ငံတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်နှင့် အထက် မြင့်တက်နေသော အပူချိန်အောက်တွင် နေထိုင်နေရသူ လူဦးရေကိုးသန်း ကျော်ရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းနှစ်ခု၏ သက်ရောက်မှုကြောင့် လူတစ်သန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**တိုကျို ဇွန် ၂၈**

ဂျပန်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း မက်ခါလာနှင့် ဟိုင်ဂိုစ်တို့၏ သက်ရောက်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မြေပြိုမှု၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အတွက် အာဏာပိုင်များက လူတစ်သန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေယာဉ်ခရီးစဉ် ၂၀၀ ကျော် ဖျက်သိမ်းခဲ့ရပြီး ရထားပြေးဆွဲမှုများစွာကိုလည်း ယာယီရပ်နားထားရကာ အမြန်လမ်းမကြီးတချို့ကို ပိတ်ထားခဲ့ရကြောင်း၊ ဂျပန်နိုင်ငံအခြေစိုက် တိုယိုတာ ကားကုမ္ပဏီကလည်း ကျူရှူးကျွန်းရှိ ၎င်းတို့၏ စက်ရုံတစ်ရုံ၏ ထုတ်လုပ်ရေးလုပ်ငန်းများကို ယာယီရပ်နားခဲ့ရကြောင်း သိရသည်။

ဂျပန်မိုးလေဝသအေဂျင်စီက အပူပိုင်းမုန်တိုင်းများနှင့် စိုစွတ်သောလေထုများ ပေါင်းစပ်သက်ရောက်မှုကြောင့် ဂျပန်အနောက်ပိုင်းဒေသများတွင် မိုးပိုမိုသည်းထန်စွာရွာသွန်းနိုင်ပြီး မြေပြိုမှု၊ ရေကြီးရေလျှံမှုနှင့် မြစ်ရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။



ယနေ့တွင် ဟိုင်ဂိုစ်အပူပိုင်းမုန်တိုင်းမှာ အင်အားလျော့နည်းသွားပြီး မက်ခါလာမုန်တိုင်းသည် ဂျပန်အရှေ့မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနေသော်လည်း နေရာတချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း၊ ယာမဂုချိစီရင်စုတွင် မြေပြိုမှုကြောင့် နေအိမ်တစ်လုံး ပြိုကျပြီး အသက် ၇၀ ကျော် အမျိုးသားတစ်ဦး သေဆုံးခဲ့ကာ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

အာဏာပိုင်များက မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေသခံပြည်သူများအား သတိပေးချက်များကို ဆက်လက်လိုက်နာကြရန် တိုက်တွန်းထားသည်။

Ref : Russia Today

Trs : KZ

# ဗင်နီဇွဲလားနိုင်ငံတွင် အမြှောင်လျှင်ကြောင့် သေဆုံးသူ ၁၄၀၀ ကျော်ရှိလာပြီး ကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေ

**ကာရာကက်စ် ဇွန် ၂၈**

ဗင်နီဇွဲလားနိုင်ငံတွင် ဇွန် ၂၅ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူနှင့် ၇ ဒသမ ၅ မဂ္ဂနီကျူရှိ အမြှောင်လျှင်ကြောင့် သေဆုံးသူဦးရေမှာ ယနေ့တွင် ၁၄၀၀ ကျော်ရှိလာခဲ့ပြီး နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ အင်အား အများအပြားဝင်ရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောက်ရွက်နေကြောင်း သိရသည်။

အဆိုးရွားဆုံး ထိခိုက်ပျက်စီးခဲ့သည့် လာဂွါအီရာမြို့နှင့် မြို့တော်ကာရာကက်စ်အပါအဝင် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို နေ့၊ ညမပြတ် ဆောင်ရွက်လျက်ရှိပြီး မိသားစုဝင်များနှင့် စေတနာ့ ဝန်ထမ်းများကလည်း အပျက်အစီးများကြားမှ အသက်ရှင်ကျန်ရစ်သူများနှင့် ရုပ်အလောင်းများကို ရှာဖွေထုတ်ယူနေကြကြောင်း၊ သို့သော် စက်ယန္တရားများ မလုံလောက်ခြင်းတို့ကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အာဏာပိုင်များ၏ အဆိုအရ နိုင်ငံတကာမှ ကယ်ဆယ်ရေး အဖွဲ့ဝင်အင်အား ၁၆၀၀ ကျော် ရောက်ရှိလာပြီး နောက်ထပ်အဖွဲ့များလည်း ဆက်လက်စေလွှတ်လျက်ရှိကြောင်း သိရသည်။

လာဂွါအီရာမြို့ရှိအဆိုးရွားဆုံး ထိခိုက်ပျက်စီးခဲ့သည့် ကာရာဘယ်လီဒါဒေသတွင် သွားလာရခက်ခဲမှုကြောင့် ရှာဖွေကယ်ဆယ်ရေးများဆောင်ရွက်ရန် ကယ်ဆယ်ရေးအဖွဲ့များကို ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် လမ်းများပျက်စီးကာ အဆောက်အအုံ အပြိုအပျက်များနှင့် သွားလာရမလွယ်ကူသောကြောင့် အာဏာပိုင်များသည် အရေးပေါ် ကယ်ဆယ်ရေးယာဉ်များ သွားလာမှုမှလွဲ၍ ကယ်ဆယ်ရေးအဖွဲ့များနှင့် မသက်ဆိုင်သည့် အရပ်သားယာဉ်များ ဝင်ရောက်ခွင့်ကို ဆက်လက်ကန့်သတ်ထားပြီး ကာရာကက်စ်မြို့မှ အဓိက လမ်းမကြီးကိုလည်း ထိန်းချုပ်ထားဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံတွင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး စီရင်စုရှစ်စု၌ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်

**ကဘူးလ် ဇွန် ၂၈**

အာဖဂန်နစ္စတန်နိုင်ငံတွင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး စီရင်စုရှစ်စု၌ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်း (ANDMA) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်၊ မြေပြိုကျမှုအန္တရာယ်များဖြင့် ရင်ဆိုင်နေရသည့် စီရင်စုများမှာ ကဘူးလ်စီရင်စု၊ ဇာဘူလ်စီရင်စု၊ ကန်ဒါဟာစီရင်စု၊ ဆာမန်ဂန်စီရင်စု၊ တက်ဟာစီရင်စု၊ နန်ဂါဟာစီရင်စု၊ လက်မန်းစီရင်စုနှင့် ကူနာစီရင်စုတို့ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်ခြေပေါင်း အလုံး ၃၀ ထိရှိနေပြီး ဆိုင်ခန်း ၁၅ လုံး ပျက်စီးသွားခဲ့သည်။

"စီရင်စုပေါင်းရှစ်စုမှာ ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ သေဆုံးသူ ငါးဦးထက်မနည်း ရှိခဲ့ပြီးတော့ ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေအလုံး ၃၀ ထိရှိနေပါတယ်။ ဒေသခံသောင်းနဲ့ချီပြီးတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေကလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းရတဲ့ ဒေသခံတွေကို ကူညီပေးနေပါတယ်"ဟု အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်း (ANDMA) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကလျာ

# ပုတ်သင်တို့သည် ရာသီကိုလိုက်၍

မောင်ခြိမ့်



အိမ်ရှေ့ရှိ ရေဆင်းတံတားထိပ်တွင် တိုင်စိုက်၍ ကြိုးချည်ထားသော လှေကလေးကို ထိုင်ကာကြည့်နေသော ဖိုးနီသည် သူ့လှေကလေးကို ကြည့်၍မဝ၊ ရှု၍မဝဖြစ်နေ၏။ တော်တော်ကြာ လှေပေါ်ဆင်း၍ ရေပက်လိုက်၊ တော်တော်ကြာ လှေဝမ်းထဲတွင် ခင်းထားသော လှေကပ်များကို အဝတ်စဖြင့် သုတ်လိုက်၊ တော်တော်ကြာ လှေဦးကလေးမှာ ပေနေသော ရွှံ့စက်များကို ရေဖြင့်ဆေးလိုက်နှင့် ဂနာမငြိမ်ဖြစ်နေတော့၏။

တရိပ်ရိပ်တက်စပြုလာသော ချောင်းရေပြင်ကြောင့် ရေဆင်းတံတားသည် မြုပ်၍မြုပ်၍လာလေ၏။ လှေကလေးကမူ မြင့်၍မြင့်၍ တက်ကာနေ၏။ ထိုအခါ ဖိုးနီသည် ယခင်ချည်ထားသော လှေဦးမှ ကြိုးကိုဖြုတ်၏။ အထက်သို့မြှင့်၍ ချည်ပြန်၏။ ဤကဲ့သို့ ဖိုးနီတစ်ယောက် အလုပ်ရှုပ်နေသည်မှာကြာပြီ။

ရွှံ့ကိုဖျော်၍ထားသည့်နှယ် နောက်ကျိ၍ အနယ်မှုန်ထနေသော ချောင်းရေပြင်ကိုပင် သူမကျေနပ်။ သူ့လှေကလေးညစ်ပေသွားမှဖြင့်၊ ဖိုးနီသည် သူ့လှေကလေးကို ထားစရာနေရာမရှိအောင် အကဲပိုနေတော့၏။

လှေကလေးကတော့ ဘာမျှမသိသလိုပင်၊ ညင်သာစွာစီးလျက်ရှိသော ချောင်းရေပြင်ထက်တွင် ပါးကွက်ကျားနှင့် အပျိုမကလေးကဲ့သို့ ကြော့ကြော့မော့မော့ကလေးလှပ၍နေတော့၏။ တဖျပ်ဖျပ်ခါလျက် လွန့်လူးနေသောလှိုင်းကြက်ခွပ်ကလေးများကြောင့် ဦးကလေးစိုက်လိုက်၊ ပဲ့ကလေးထောင်လိုက်နှင့် ကနေသည့်နှယ်။

လှေကလေးက ဆယ်တောင်တိုကလေးဖြစ်၏။ တောင်ပိန်းသားဖြင့် စပ်ထားပြီး ရေနံချေးဝနေအောင် သုတ်ထား၍ ဝါထိန်သော အရောင်ကလေးဖြင့် ချောင်းရေပြင်၌ပင် အရိပ်ထင်လျက်ရှိတော့၏။ လှေ၏ပဲ့ပိုင်းကို ပိတ်ကာထားသော နှစ်လက်မအထူပျဉ်ပြားပေါ်တွင် ကြယ်ပုံကြီးကြီးတစ်ခုထွင်းထားလေ၏။ ၎င်းကြယ်၏ အပေါ်ဘက်တွင် ကွေ့ဝိုက်၍ ကျော်ဟူသောစာလုံးနှင့် အေးဟူသောစာလုံးနှစ်လုံးကြားတွင် ကြယ်ကလေးသေးသေးလေးတစ်လုံး ခြား၍ထွင်းထားပြန်၏။ ကြယ်၏ အောက်ခြေဘက်တွင်တော့ ၁၃၂၅ ခုနှစ်ဟူသော စာတန်းတိုတစ်ဖြောင့်တည်း တွေ့နေရ၏။ လက်သမားဆရာ (လှေစပ်သူ) သည် ကျော်အေးဖြစ်ပြီး ၁၃၂၅ ခုနှစ်တွင် ဤလှေကလေးကို ပြုလုပ်ကြောင်း လူတကာကိုကြော်ငြာနေသကဲ့သို့ ရှိတော့၏။

သူတို့မြစ်ဝကျွန်းပေါ်ဒေသတွင် လှေသည် မရှိမဖြစ်ပစ္စည်းဖြစ်ပေ၏။ အထူးသဖြင့် သူတို့လို ငါးပုစွန်ရှာဖွေစားသောက်ရသော ရေလုပ်သားများအဖို့ ပို၍လိုအပ်ပါ၏။ လှေမရှိလျှင် ခက်တော့သည်။ ဘယ်နေရာကိုသွားသွား လှေရှိမှဖြစ်သည်မဟုတ်ပါလော။

ဖိုးနီအသက်လေးဆယ်ကျော်ခဲ့ပြီ။ တစ်ခါမှ လှေအပိုင်မရှိခဲ့။ပိုက်ဆွဲရာ၊ မျှားထောင်ရာ၊ ကွန်ပစ်ရာ ယုတ်စွအဆုံး ကြွက်ထိုးသွားရာတွင်ပင် လှေသည် မပါမဖြစ်။ ကိုယ်ပိုင်မရှိတော့ ငှားရသည်။ တံငါဆိုသည်မှာ ပုံသေပြော၍မရ။ ရေထဲက ငါးပုစွန်ကိုရှာဖွေရသည်မှာ ရသည့်အခါရသည်။ မရသည့်အခါ လှေငှားခက ခက်လေ၏။ တစ်ခါကနှစ်ခါ၊ နှစ်ခါက သုံးခါ ပေးရန်ပျက်လေသော် . . လှေရှင်က မကြည်ဖြူတော့။ မငှားတော့။ သူကလည်း ထိုလှေငှားခလိုချင်၍သာ ငှားစားနေသူမဟုတ်လော။

မိမိလိုလှေမဲ့၊ တက်မဲ့များ သူတို့ရွာတွင် ရှိလေရာ နာမည်ပျက်ရှိသူကို လှေမငှားကြတော့ ခက်တော့၏။ တောင်းပန်ရ၊ မျက်နှာချိုသွေးရ၊ လှေငှားခအပြင် မျက်နှာအသာရအောင် ဟင်းစားပင်ပေးရတော့၏။ ကြာသော် ဟင်းစားပေးခြင်းသည် အကျင့်ဖြစ်လေ၏။

ထိုထိုသော အကြောင်းများကြောင့်ပင် ဖိုးနီတစ်ယောက် လှေတစ်စင်းအပိုင်ရှိလိုခြင်းဆန္ဒပြင်းပြခဲ့ရပါ၏။ လှေတစ်စင်းသာ အပိုင်ရှိလို့ကတော့ကွာဟု စိတ်ထဲတွင် မကြာခဏတောင့်တခဲ့ရ၏။

သူတို့ရပ်၊ သူတို့ရွာတွင် တံငါဟူပေသည့် လူတန်းစားအမျိုးမျိုးရှိကြပါ၏။ ကိုယ်ပိုင်လှေ၊ ကိုယ်ပိုင်ပိုက်နှင့် ကိုယ်တိုင်ဦးစီးသူကို ပိုက်သူကြီးဟုခေါ်ကြသည်။ ထိုပိုက်သူကြီးသည် နှစ်ယောက်ဆွဲမှ ဖမ်းမှဖြစ်သည်မို့ လူငှားကိုခေါ်ရ၏။ ထိုလူငှားသည် တစ်ပုံသမားဖြစ်တော့၏။ ရှာဖွေ၍ရလာသမျှကို ပိုက်သူကြီးက နှစ်ပုံယူပြီး သူကတစ်ပုံစားရပါ၏။

တချို့က လှေရောပိုက်ပါတည်ထောင်ထားပါ၏။ ကိုယ်တိုင်မလိုက်နိုင်။ ထိုအခါ လူငှားနှစ်ယောက်ကို ခေါ်ရ၏။ ပြီးလျှင် ရလာသမျှကို သုံးပုံပုံ၍ လူငှားနှစ်ယောက်က တစ်ပုံစီယူ။ ပိုက်နှင့် လှေထောင်သူက တစ်ပုံယူ၏။

ဖိုးနီတစ်သက်လုံး သူများလှေတွင် တစ်ပုံသမားဖြစ်ခဲ့ရ၏။ မျက်နှာငယ်ခဲ့ရ၏။ တစ်ပုံစားသမားဖြစ်သည့်အတွက် မိမိကိုလူငှားခေါ်ပါမည့်အရေး မျက်နှာချိုသွေးရ၏။ အောက်ကျခံရ၏။ ကျိုးနွံရပါ၏။ သို့မှသာ မိမိကိုသဘောကျမည်၊ သဘောကျမှအလုပ်လုပ်ခွင့်ရမည်မဟုတ်လော။

ထို့ကြောင့်ပင် ပိုက်ဖာရာတွင်လည်း တစ်ပုံသမား၊ လှေထေးကြောင်းဖာ၊ ရေနံသုတ်ရာတွင်လည်း တစ်ပုံသမားပင်ဖြစ်ပါတော့၏။ ပိုက်သူကြီးအိမ်ရှိ ရေခပ်၊ ထင်းခွဲအိမ်မှုကိစ္စများရှိပါက လုပ်ပေးရတော့၏။ တစ်ပုံသမား၏ မိန်းမသည်လည်း မအားရမနားရပါပေ။ ပိုက်သူကြီးကတော်၏ လုပ်ငန်းဆောင်တာမှန်သမျှ ကူညီရပါ၏။ သန်းရှာပေးရမလား။ အဝတ်ကူလျှော်ပေးရမလား။ ညောင်းညာကိုက်ခဲသလား နှိပ်ပေးရပါ၏။

ရှာဖွေ၍ရရှိလာသည့် ငါးပုစွန်များကို ရွေးရ၏။ အကောင်အကြီးအသေးခွဲရ၏။ ငါးပုစွန်အမျိုးအစားအလိုက်တူရာတူရာရွေးပေးရ၏။ ဆတ်ထုပ်လား၊ ဘော့ချိတ်လား၊ ဘေးကျားလား၊ ပုစွန်ဆိတ်လား သတ်သတ်စီဖြစ်မှ ပိုက်သူကြီးကတော်က သဘောကျလေ၏။ သို့မှသာ မိမိအိမ်အတွက် ဟင်းစားရလေ၏။ ဟင်းစားဆို၍လည်း ကြိုက်ရာယူခွင့်မရှိ။ ငါးဖယ်လို၊ ငါးနုသန်းလို၊ ငါးပြေမလို၊ ငါးကျည်း၊ ငါးခူလို၊ ပုစွန်တုပ်လိုဈေးကောင်းသော တန်ဖိုးရှိသော အရာများကို မျက်စောင်းပင်မထိုးနှင့်။

ငါးသစ်တုံးလေးများ၊ ငါးနုပ်ငါးဖွဲကလေးများ၊ ပုစွန်ဆိတ်ပေါက်စကလေးများ ဟင်းစားရဖို့အရေး ပါးစပ်သည် နားရွက်ချိတ်တော့၏။ လက်သည် ပဲကြီးရေစိမ်လိုက်တော့၏။ ပိုက်သူကြီးတို့အဖို့တော့ သူတို့သဘော၊ သူတို့စိတ်ကြိုက်ယူပိုင်ခွင့်၊ စားပိုင်ခွင့်ရှိလေ၏။

ပိုက်ထဲတွင်ပါလာသမျှ ကောင်းပေ့ညွှန့်ပေ့ဆိုတာတွေမှသူတို့စား၏။ ဈေးမှာသွားရောင်းတော့ရောတစ်ပုံသမားမိန်းမပါခွင့်မရှိ။ ပိဿာချိန်က ဘယ်လောက်ရသည်၊ ဘယ်ဈေးရောင်းရသည် မေးခွင့်မရှိ၊ သိခွင့်မသာ။ ခွဲဝေပေးသမျှသာ ယူပေတော့။ မကျေနပ်လည်း မပြောရဲ။

ခက်တာက ရွာမှာပိုက်သူကြီး၊ ပိုက်ထောင်သမားကနည်း၍ တစ်ပုံသမား လက်လုပ်လက်စားတွေကများလှပါ၏။ ထို့ကြောင့်ပင် သူတို့မှာ တစ်ယောက်မကောင်း တစ်ယောက်မပြောင်းနိုင်။ ပိုက်သူကြီးကသာ ပြောင်းနိုင်ပါ၏။ ရွေးချယ်နိုင်ပါ၏။

မကျင်ငွေသည် ဖိုးနီအတွက်တော်လေးဝင်ဖြစ်လေ၏။ ဆရာကြီးဖြစ်လေ၏။ မကျင်ငွေသည် အလိုက်သိတတ်၏။ ကျိုးနွံ၏။ ဖင်ပေ့၏။ ပေါင်းတတ်သင်းတတ်၏။ ထို့ကြောင့် ပိုက်သူကြီးကတော်တွေက သဘောကျ၏။ ခိုင်း၍ကောင်းသည်ကိုး။

သည်တော့ ဖိုးနီတစ်ယောက်အလုပ်မရှားခဲ့။ သို့သော် တစ်ပုံသမားဘဝဖြင့် ဖိုးနီမကျေနပ်နိုင်။ နှစ်ပေါင်းများစွာ သူများခိုင်းဖတ်တစ်ပုံသမားဘဝဖြင့် နေခဲ့ပြီးပြီ။ ပိုက်သူကြီးဖြစ်ချင်ပါသေး၏။ လှေပိုင်၊ ပိုက်ပိုင်၊ ပိုက်သူကြီးဘဝသည် သူအလိုချင်ဆုံးသော အရာလည်းဖြစ်၏။ အမက်မောဆုံးဘဝလည်းဖြစ်တော့၏။ အခြားသောအရာများကို တောင့်တရကောင်းမှန်း၊ လိုချင်ရကောင်းမှန်း သူမသိ။

ယခု ဖိုးနီဘဝရောင်ခြည်သန်းလာခဲ့ပြီ။ လှေကလေးအသစ်တစ်စင်းရလာပြီ။ ပိုက်ကလည်း တစ်ဖောင်ဝယ်ပြီးပြီ။ နှစ်ပုံစားပိုက်သူကြီးဖြစ်လာပါပြီ။ ဘာလိုသေးသနည်း။

ဤအရာအားလုံးကိုရအောင် ဖန်တီးပေးခဲ့သူသည် အခြားမဟုတ် မကျင်ငွေပင်ဖြစ်တော့၏။ မကျင်ငွေသည် ဇုက္ကနိရွာသူမဟုတ်။ လမ်းသမိုင်ရွာသူသာဖြစ်ပေ၏။ သူ့မိဘများသည် လယ်ငါးကေခန့်ဖြင့် လုပ်ကိုင်စားသောက်သူများဖြစ်ပါ၏။ သူ့အဖေဦးသာထွန်းလူကြီးရောဂါဖြင့် ဆုံးပါးသွားသောအခါ သူ့အစ်မဖြစ်သူက မိခင်ကြီးကို အိမ်ခေါ်ထားလေပြီ။ လယ်ငါးကေရှိသည့်အနက် မိခင်ကြီးအိုနာစာအတွက် သုံးကေထားပြီး ညီအစ်မနှစ်ယောက်က တစ်ကေစီ ခွဲယူကြစို့ဟု စကားစလာသည်။

မကျင်ငွေက ပြတ်သည်။ သူလည်း လယ်တစ်ကေ သွားမလုပ်နိုင်သည့်အတူတူ အစ်မဖြစ်သူထံအပ်ပြီး ကာလပေါက်ဈေးသင့်ကာ ငွေကိုသာယူတော့၏။ ထိုငွေဖြင့် သူ့လင် လူရိုးလူအေးကြီး ဖိုးနီကိုပိုက်သူကြီးဖြစ်စေခဲ့ပါပြီ။ ဖိုးနီပင် ပိုက်သူကြီးဖြစ်မှတော့ သူကလည်း ပိုက်သူကြီးကတော်ဖြစ်လေသည်မဟုတ်လော။

"ဟောတော့ ပျောက်ချက်သားကောင်းနေပါတယ်ဆိုပြီး ရှာလိုက်ရတာ။ သူက ရေဆင်းတံတားပေါ်ထိုင်ပြီး ဘာတွေသဘောကျပြီးပြုံးနေရတာလဲ တစ်ယောက်ထဲ" အော်မေးသံနှင့်အတူ မကျင်ငွေတစ်ယောက်အနားရောက်လာတော့မှ အတွေးဝဲဂယက်ထဲနစ်မြုပ်နေသောဖိုးနီ ဆတ်ခနဲလှည့်ကြည့်မိရ၏။ ပြုံးနေဆဲဖြစ်သော ပါးစပ်ကိုပင် အမြန်အရှိန်သတ်၏။

"ဘာမှမဟုတ်ပါဘူးဟာ။ ဒီည ဘယ်နေရာမှာ ပိုက်သွားဆွဲရရင်ကောင်းမလဲ စဉ်းစားနေတာပါ" အရှက်ပြေပြောရင်း အိမ်ပေါ်တက်လာခဲ့တော့၏။

အိမ်ပေါ်တွင်မူ မြို့က သံဖြူဆိုင်မှဝယ်လာခဲ့သည့် အသစ်စက်စက် မီးခွက်၊ မီးအုပ်နှင့် ခမောက်ကနှစ်ချပ်၊ ဝါစိမ်းနီဆေးပေါ့လိပ်က တစ်စည်း။ ရေနံဆီက တစ်ပုလင်း။ သပေါ့ဖျာဟောင်းကလေးပေါ်တွင် တွေ့ရလေ၏။ ပိုက်အသစ်ကလေးကတော့ အိမ်ခြေရင်းတွင် လိပ်ပြီးထောင်လျက်ရှိနေ၏။

"ငါးဖောင်ရိုးကို ကင်ပွန်းချဉ်နဲ့ အစပ်ချက်ထားတယ်။ ငါးပိရည်ဖျော်ရယ်၊ တညင်းသီးဆားရည်စိမ်ရယ်ပါတယ်။ ဆန်ကတော့ တော်တို့နှစ်ယောက်စာသုံးလုံးချက်ထားတယ်။ လောက်ပါတယ်နော်။ နောက်ဘာများကျန်အုံးမလဲ"ဟုပြောရင်း စဉ်းစားနေ၏။

ဟုတ်ပေသည် သူကပိုက်သူကြီးကတော်ဖြစ်ပြီဆိုတော့ ဖိုးနီနှင့်လိုက်မည့် တစ်ပုံသမားအတွက်ပါ စားဖို့သောက်စရာဆေးပေ့ါလိပ်၊ ခမောက်၊ မိုးကာစသည့်အသုံးအဆောင်များစီစဉ်ပေးရန် သူ့မှာတာဝန်ရှိပေ၏။

ခြေရင်းဘက်ရှိ မီးဖိုချောင်နားတွင်တော့ ငါးပုစွန်ထည့်ရန် တောင်းကနှစ်လုံး၊ ဒန်ဇလုံကြီးက တစ်လုံး၊ ချိန်ခွင်အသစ်တစ်လက်နှင့် အလေးကတစ်စုံ၊ တန်းစီထားသကဲ့သို့ရှိ၏။ ဖိုးနီတို့ရှာ၍ရလာသမျှ ငါးပုစွန်များကို ဈေးတွင်သွားရောက် ရောင်းချတန်တာ

စာမျက်နှာ ၂၅ သို့ á

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ဟင်းသီးဟင်းရွက် ၆၇၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ဟင်းသီးဟင်းရွက် ၆၇၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၆၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၈၂၉ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၇၀ စုစုပေါင်း ၁၂၆၄ ဧကဖြစ်ပြီး မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၃၅၀၀၊ တန့်ဆည်မြို့နယ်တွင် ၁၃၅၂ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၉၂၃ ဧက စုစုပေါင်း ၆၇၇၅ ဧကဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ငပုတော ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ငါးတန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ထွက်ရှိသည့် ငါးတန်များ ဇွန်လဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးတန်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''ငပုတောမြို့နယ်မှာ လတ်တလောအနေနဲ့တော့ ငါးတန်တွေက ဝယ်ယူမှုကောင်းနေပါတယ်။ ဈေးနှုန်းကတော့ ဝယ်ယူတဲ့ပိဿာချိန်နဲ့ ငါးလတ်ဆတ်မှုအပေါ်မူတည်ပြီး အပြောင်းအလဲရှိပါတယ်။ ရေထွက်ကုန်တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်။ တစ်ရက်တာရောင်းအားအနေနဲ့ ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ ထိ ရှိပါတယ်''ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက် ငါးတန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ အခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တို့ချစ်သောမြေ တည်တံ့စေ

- ပြည့်မဏ္ဍိုင် မြဲခိုင်ဖို့
  ဆွဲကိုင်စို့ တွဲလက်ညီ၊
  မင်းနှင့်ငါ လက်ကမ်း
  တက်လမ်းစီရီ၊
  စည်းလုံးစိတ် အားမာန်ချီ
  အမြင့်ဆီ မြော်ကာတွေး၊
  တို့အတူ စိတ်အသိရယ်
  ရှိကြစို့လေး။

- တိုင်းနိုင်ငံ ပြည့်အရေး
  အလေးထား မင်းနှင့်ငါ၊
  သည်မြေနေ သည်ရေသောက်
  မိုးအောက်မြေလွှာ၊
  ပြည့်အရေး ထမ်းဝန်တာ
  လမ်းထွင်ကာ အားစုပေါင်း၊
  တိုင်းနိုင်ငံ ဂုဏ်မချို့
  မြို့ပြည်ရွာကောင်း။

- ထမ်းရွက်ဝန် အားသစ်လောင်းပါလို့
  ကြည့်စောင်းငဲ့ အကျိုးမျှော်၊
  ချစ်သောမြေ တည်တံ့
  ရှင်းသန့်ဂုဏ်ပေါ်၊
  ညီစနစ် တို့ပြည်တော်
  မချို့တည်သော် တို့လူမျိုး၊
  ဝင့်ကြွားဂုဏ် ရှိကြ
  ပြည့်ဝတန်ဖိုး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

á စာမျက်နှာ ၂၄ မှအဆက်

ရောင်း၊ ဖောက်သည်ပေးသင့်တာပေး၊ ရရှိလာမည့်ငွေများကို သုံးပုံပုံ၍ နှစ်ပုံကိုမိမိတို့ကရပြီး တစ်ပုံကိုမူ အတူလိုက်သူအားခွဲပေးရမည်။ မကျင်ငွေသည် စိတ်ကူးရင်းပြုံးနေမိပါပြီ။

"ဟဲ့ . . . ငါ့ကျတော့ပြောပြီး။ နင်ကျတော့ရော ဘာလို့တစ်ယောက်ထဲပြုံးနေတာလဲ ဒီမိန်းမ"ဖိုးနီကဟောက်သည်။ ဟင်းခနဲ တစ်ချက်ရယ်ရင်း "ဘာမှမဟုတ်ပါဘူးတော်။ ဘာဖြစ်မှန်းကို မသိဘူး တစ်နေ့လုံး အလိုလိုပြုံးနေမိတော့တာပဲ" ဟု အရှက်ပြေပြော၏။

ထိုအခိုက်"အစ်မ ကျွန်တော်တို့ ဘာကူလုပ်ပေးရမလဲ" မေးသံနှင့်အတူ အိမ်ပေါ်သို့ စိန်ကုလားနှင့် သူ့မိန်းမအညွန့်တို့ တက်လာကြ၏။ "အားလုံးပြီးနေပါပြီကွာ။ ဘာမှလုပ်စရာမရှိတော့ပါဘူး။ ပိုက်ဆွဲသွားဖို့ အဆင်သင့်ပါပဲ။ လာ . . . လာ ရေနွေးသောက်" ဖိုးနီက ပြောရင်း ရေနွေးကရားကို ရွှေ့တိုးပေးလိုက်၏။ စိန်ကုလားသည် ဖိုးနီ၏ တစ်ပုံသမားဖြစ်၏။ ထို့ကြောင့် ပိုက်လှေမထွက်မီ ကူညီလုပ်ကိုင်ပေးရန် လင်မယားနှစ်ယောက်လာကြခြင်းဖြစ်၏။

"အို . . . ဘာလို့ လုပ်စရာမရှိရမှာလဲ။ စိန်ကုလားက လှေထဲဆင်းကြည့်၊ ရေပက်စရာရှိရင်ပက်၊ ပြီးတော့ ပိုက်ကိုလဲ လှေထဲချထားလိုက်။ ထမင်းအိုး၊ ဟင်းအိုး၊ မီးအုပ်နဲ့ ယူစရာရှိတာ အကုန်သယ်သွားတော့လေ။ အညွန့်ကတော့ ဒီကနေ့ဝယ်လာတဲ့ချိန်ခွင်ကကြိုးတွေ ညီမညီကြည့်လိုက်ပါအုံး။ လင်ပန်းတွေ၊ ဇလုံတွေလဲ တစ်ခါထဲဆေးပေးခဲ့အေ" ဟု တရစပ်ခိုင်းလေတော့၏။

"ဟုတ်ကဲ့ အစ်မ"

လင်မယားနှစ်ယောက်စလုံးပျာယာခတ်အောင် အလုပ်ရှုပ်ကြတော့၏။

"ဟဲ့အညွန့် အလေးတွေလဲစီထား၊ ထပ်ထားလေ၊ ကျားတံဆိပ်နော်၊ လက်ဟောင်းတွေဝယ်ထားတာ၊ ညကျလို့ ပိုက်တက်ချိန်ကျရင် ငါလာမနိူးဘူးနော်။ ညည်းတို့အိမ်က ခွေးက ဆိုးကဆိုးနဲ့၊ သတိနဲ့အိပ်။ တကယ်လို့ ငါမနိုးရင် ညည်းလာနှိုးရမှာနော်"

စက်သေနတ်ပစ်သကဲ့သို့ ဆက်တိုက်ပြောရင်း ပြောင်းဖူးဖက်ဆေးလိပ်ကို ထောင်းခနဲထောင်းခနဲဖွာလိုက်ပြီး ဖိုးနီကို မျက်စိစွေ၍ကြည့်၏။

ဖိုးနီသည် ပါးစပ်အဟောင်းသားနှင့် အံ့သြလှစွာ သူ့မိန်းမကိုငေး၍နေမိ၏။ သူ့မိန်းမဘယ်လိုဖြစ်သွားတာပါလိမ့်။ တော်တော်ထူးဆန်းနေပါလားဟုလည်း တွေးမိတော့၏။

ဖိုးနီသိလိုက်ပါပြီ။ သူသည်ပင် အရင်တုန်းကဖိုးနီမဟုတ်ပါလေတော့။ တစ်ပုံသမားမဟုတ်တော့။ ပိုက်သူကြီး ဖိုးနီဖြစ်နေပြီမဟုတ်လား။ သို့ဆိုပါလျှင် မကျင်ငွေသည် ပိုက်သူကြီးကတော် မဟုတ်ပါသလော။

ဖိုးနီ၏ အကြည့်သည် အိမ်ရှေ့သရက်ပင်သို့ ရောက်၏။ သရက်ပင်၏ အကိုင်းထက်တွင် ပုတ်သင်ညိုနှစ်ကောင်မြူးထူးပြေးလွှားလိုက်၊ အပြေးရပ်ခါ ခေါင်းကလေးများ တညိတ်ညိတ်လုပ်လိုက်နှင့်။

အလိုကြည့်စမ်း နွေအခါကလို တစ်ကိုယ်လုံးမွဲခြောက်ခြောက်အရောင်နှင့် မဟုတ်တော့။ မိုးဦးကျမို့ တစ်ကိုယ်လုံးတောက်ပသော စိမ်းပြာရောင်နှင့် အဝါသွေးတို့ဖြင့် ရွှန်းစိုလှပလျက်ရှိနေပါပေကော။

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦးအဖွဲ့၊ တိုးတက်အောင်အဖွဲ့၊ အားမာန်အဖွဲ့နှင့် ကြီးပွားအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်းစီ ထုတ်ချေးပေးထားကြောင်း ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# ခေါင်းတစ်ခြမ်းကိုက်ခြင်းအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

**ပေါက်ပေါက်**



## ခေါင်းတစ်ခြမ်းကိုက်ရောဂါ

ခေါင်းတစ်ခြမ်းကိုက်ရောဂါသည် အိပ်မရ၊ စားမရ အလွန်ခံရခက်သော ရောဂါတစ်မျိုးဖြစ်သည်။ ဝေဒနာမည်မျှခံရခက်သည်ကို ခံစားဖူးသူမှ နားလည်နိုင်ပါလိမ့်မည်။ ခေါင်းတစ်ခြမ်းကိုက်ခြင်းသည် သာမန်ခေါင်းကိုက်ခြင်းမျိုးမဟုတ်ဘဲ ဦးခေါင်းတစ်ဖက်တည်းက မူးဝေကိုက်ခဲကာ ပျို့အန်ခြင်းတို့ကိုခံစားရသည်။ ထို့ပြင် အမြင်အာရုံနှင့်ပတ်သက်၍ စူးရှသောအလင်းရောင်ဒဏ်မခံနိုင်ခြင်း၊ အမြင်အာရုံတွင် အမည်းစက်ပေါ်ခြင်း၊ အာရုံကြောအားနည်း၍ ခြေလက်တုန်ခြင်း စသည့်ဝေဒနာများက ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့် ပတ်သက်ဆက်နွှယ်လေ့ရှိသည်။ ရောဂါစဦးပိုင်းတွင် အချိန်နှစ်နာရီခန့်မျှ ခံစားရပြီးနောက် ဆေးသောက်အနားယူရုံဖြင့် သက်သာသွားနိုင်သည်။ ရောဂါပြင်းထန်သောအခါ ရက်တော်တော်ကြာ မပျောက်ဘဲဖြစ်နေတတ်ပြီး ၎င်းကို နာတာရှည်ခေါင်းတစ်ခြမ်းကိုက်ရောဂါဟုခေါ်သည်။

ထို့ကြောင့် နာတာရှည်ခေါင်းတစ်ခြမ်းကိုက်ဝေဒနာသည်များကို စာနာသောအားဖြင့် အမေရိကန်နိုင်ငံ ချီကာဂိုပြည်နယ် အီလီနွိုက်ဒေသရှိ အမျိုးသားခေါင်းကိုက်ဝေဒနာဖောင်ဒေးရှင်းက ကြီးမှူး၍ နှစ်စဉ် ဇွန်လတစ်လလုံးကို "ခေါင်းကိုက်ဝေဒနာ အလေးပေးသင့်သောလတစ်လ"အဖြစ် အထူးသတ်မှတ်ထားသည်။

## ရောဂါဖြစ်စေသော အခြားအကြောင်း

ဦးခေါင်းတစ်ဝိုက် ဆံချည်မျှင်သွေးကြောများ ပိတ်ဆို့မှုနှင့် မိမိစားသောက်သည့် အစားအစာများထဲတွင် ပြည့်စုံလုံလောက်သော အာဟာရမရရှိခြင်းကြောင့် ကိုက်ခဲခြင်းများ ဖြစ်လာတတ်သည်။ ရေသောက်နည်းခြင်း၊ ပတ်ဝန်းကျင်ရာသီဥတုပြောင်းလဲခြင်း၊ ဆူညံသောအသံကို ထပ်ခါထပ်ခါကြားနေရခြင်း၊ လေထုညစ်ညမ်းခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ဖျားနာခြင်း၊ အစာစားချိန် နောက်ကျလွန်းခြင်း (အစာစားချိန်မမှန်ခြင်း)၊ လေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်ခြင်း၊ အိပ်ချိန်မလုံလောက်ခြင်း စသည်တို့ကြောင့်လည်း ခေါင်းတစ်ခြမ်းကိုက်တတ်သည်။ ဓမ္မတာရာသီလာချိန်၊ ကိုယ်ဝန်ဆောင်ချိန် စသည့်ဟော်မုန်းပြောင်းလဲချိန်များတွင်လည်း ခေါင်းတစ်ခြမ်းကိုက်ဝေဒနာခံစားရတတ်သည်။ ၎င်းအခြေအနေများကြောင့် ခေါင်းတစ်ခြမ်းကိုက်ခြင်း ရောဂါခံစားရခြင်းသည် နေထိုင်စားသောက်မှုပုံစံကို ကျန်းမာရေးနှင့်အညီ ပြုပြင်ပြောင်းလဲနေထိုင်ခြင်းဖြင့် အချိန်တစ်ခုအကြာတွင် သက်သာပျောက်ကင်းနိုင်သည်။ သို့သော် နာတာရှည်ခေါင်းတစ်ခြမ်းကိုက်ခဲခြင်းက ဦးနှောက်ကိုပါ ထိခိုက်စေနိုင်၍ မပေါ့ဆသင့်ဘဲ နီးစပ်ရာဆရာဝန်ဖြင့် ကုသမှုခံယူသင့်သည်။

## ခေါင်းတစ်ခြမ်းကိုက် ဝေဒနာသည်များအတွက် အားတက်ဖွယ်

အမေရိကန်နိုင်ငံ သောမတ်ဂျပ်ဖာဆန် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Refractory Chronic Migraine (RCM) ခေါ် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို ကုသရာ၌ Lidocaine (ခေါ်) အကိုက်အခဲပျောက်ဆေးတစ်မျိုး၏ ထိရောက်မှုကို ဖော်ထုတ်ရန် မကြာသေးခင်က လက်တွေ့လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြသည်။ ထွက်ပေါ်လာသည့် ရလဒ်များအရ Lidocaine ဆေးကို သွေးကြောအတွင်း သွင်းပေးပါက RCM ခေါင်းကိုက်လူနာများသည် ဆေးသွင်းပြီး တစ်လခန့်အကြာ ဝေဒနာခံစားရမှုသက်သာလာခဲ့ကြောင်း၊ ၎င်းဆေးသည် ကုသ၍မရနိုင်သည့် နေ့စဉ် ခေါင်းကိုက်ဝေဒနာဖြင့် ရင်ဆိုင်နေရသော လူနာများ၏ ဝေဒနာဖိစီးမှုကို အမှန်ပင် လျှော့ချပေးနိုင်ကြောင်း သုတေသီများက အတည်ပြုပြောကြားထားသည်။ သို့ရာတွင် Lidocaine ဆေးကုထုံးကိုခံယူမည်ဆိုပါက ဆေးရုံတွင် ကုသမှုခံယူရန် လိုအပ်ကြောင်း သိရသည်။

## တရုတ်ရိုးရာဖြင့် နှိပ်နယ်နည်းများ

မကြာခဏ ခေါင်းတစ်ခြမ်းကိုက်လေ့ရှိသူများက ကုပ်ပိုးနှင့် ဦးခေါင်းနောက်ဘက်ကို နေ့စဉ်နှိပ်နယ်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။ တရုတ်နိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ဦးယည်းခေါင်းခဲခြင်းဝေဒနာများကို အောက်ဖော်ပြပါ နည်းလမ်း ၁၀ မျိုးဖြင့် နှိပ်နယ်ကာ ရိုးရာကုထုံးအဖြစ် ကုသလာခဲ့ကြသည်။

မျက်ခုံးမွေး နှစ်ခု၏ အလယ်ခေါင်တည့်တည့်ကို လက်ခလယ်ဖြင့်ဖိ၍ အကြိမ် ၃၀ တိတိ စက်ဝိုင်းပုံသဏ္ဌာန် နှိပ်နယ်ပေးပါ။

လက်ညှိုးနှစ်ချောင်း၏ လက်ဆစ်များကိုသုံး၍ နဖူးပြင်တစ်လျှောက် အကြိမ် ၃၀ တိတိ ပွတ်ဆွဲ၍ နှိပ်နယ်ပေးပါ။

နားထင်ကို လက်မထိပ်ဖျားဖြင့် အကြိမ် ၃၀ တိတိ ဖိ၍နှိပ်နယ်ပေးပါ။ ပြီးနောက် လက်မကိုသုံး၍ နားသယ်ကနေ ဆံစဘက်သို့ ဦးတည်ဆွဲ၍ အကြိမ် ၃၀ ခန့် နားထင်ကြောဖြေပေးပါ။

ရှေ့ဦးစွာ ဦးခေါင်း၏အနောက်ဘက်တစ်လျှောက်ကို လက်မဖြင့်ထိုး၍ အကြိမ် ၃၀ နှိပ်ပေးပါ။ ပြီးနောက် နောက်စေ့၏အောက်ဘက်ပိုင်းကို အကြိမ် ၃၀ တိတိ ဖိ၍နှိပ်နယ်ပေးပါ။

လက်သီးတင်းတင်းဆုပ်၍ ပခုံး၏အလယ်တည့်တည့် အနောက်ဘက်နေရာကို ၁၅ ကြိမ်တိတိ မပြင်းလွန်း၊ မပျော့လွန်းထုပေးပါ။

လက်ဖမိုးပေါ်မှနေ၍ လက်မနှင့် လက်ညှိုးကြားအရိုးအဆစ်တစ်လျှောက်ကို အကြိမ် ၃၀ တိတိ ဖိတွန်းဆွဲကာ အကြောဖြေပေးပါ။

ဦးစွာ ဘယ်ညာနဖူးထောင့်(ဆံစအောက်)က အရိုးများကို လက်ခလယ်သုံး၍ အကြိမ် ၃၀ အကြောဖြေနှိပ်ပေးပါ။ ပြီးနောက် နားထင်တစ်ဖက်တစ်ချက်စီကို အကြိမ် ၂၀ ခန့် စက်ဝိုင်းသဏ္ဌာန် ဖိ၍ အကြောဖြေပေးပါ။ ဆက်လက်ပြီး လက်ကောက်ဝတ် အပေါ်ဘက်တစ်လျှောက်မှနေ၍ တံတောင်ဆစ်အောက်နားထိ စုန်ချီဆန်ချီ အကြိမ် ၃၀ တိတိ နှိပ်နယ်ပေးပါ။ ထို့နောက် လက်သူကြွယ်နှင့် လက်သန်းကြားကို အကြိမ် ၃၀ တိတိ ဖိတွန်းဆွဲ၍အကြောဖြေပေးပါ။

ငယ်ထိပ်တည့်တည့်တွင် ခေါင်းကိုက်တတ်သူများက ဦးခေါင်းအပေါ်ထိပ်တည့်တည့်ကို အကြိမ် ၃၀ တိတိ ဖိ၍ပွတ်ချေကာ အကြောဖြေပေးပါ။

လက်ဖဝါးကို ပက်လက်လှန်ချလိုက်ပြီး လက်ကောက်ဝတ်၏အောက်ဘက် သွေးခုန်နှုန်းစမ်းသည့်နေရာကို လက်မထိပ်ဖြင့် အကြိမ် ၃၀ တိတိ အသာအယာနှိပ်နယ်ပေးပါ။

ခြေမနှင့် ခြေညှိုးကြားကို အကြိမ် ၃၀ တိတိဖိ၍ ပွတ်ချေကာ အကြောဖြေပေးပါ။ ဤနည်းက ခေါင်းကိုက်ပျောက်ရုံသာမက စိတ်ဖိစီးမှုများကိုပါ ပြေပျောက်စေပါသည်။

နောက်စေ့ထိုး၍ ခေါင်းကိုက်သူများက ခြေဖဝါးအလယ်ခေါင်တည့်တည့်ကို လက်ဖဝါးဖောင်းဖြင့် အကြိမ် ၃၀ တိတိ စုန်ချီဆန်ချီ ခပ်ပြင်းပြင်းဖိ၍ ပွတ်တိုက်ပေးပါ။

## ဆောင်ရန် အစားအစာများ

ခေါင်းတစ်ခြမ်းကိုက်ဝေဒနာအတွက် ကြက်ဆူဆီက လွန်စွာဆေးဖက်ဝင်သည်။

**❖ ခေါင်းတစ်ခြမ်းကိုက်ရောဂါသည် အိပ်မရ၊ စားမရ အလွန်ခံရခက်သော ရောဂါတစ်မျိုးဖြစ်သည်။ ဝေဒနာမည်မျှခံရခက်သည်ကို ခံစားဖူးသူမှ နားလည်နိုင်ပါလိမ့်မည်။ ခေါင်းတစ်ခြမ်းကိုက်ခြင်းသည် သာမန်ခေါင်းကိုက်ခြင်းမျိုးမဟုတ်ဘဲ ဦးခေါင်းတစ်ဖက်တည်းက မူးဝေကိုက်ခဲကာ ပျို့အန်ခြင်းတို့ကို ခံစားရသည်။ ထို့ပြင် အမြင်အာရုံနှင့်ပတ်သက်၍ စူးရှသောအလင်းရောင်ဒဏ်မခံနိုင်ခြင်း၊ အမြင်အာရုံတွင် အမည်းစက်ပေါ်ခြင်း၊ အာရုံကြောအားနည်း၍ ခြေလက်တုန်ခြင်း စသည့်ဝေဒနာများက ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့်ပတ်သက်ဆက်နွှယ်လေ့ရှိသည်။ ❖**

နှစ်တစ်ရာပဲ(ပဲကောစေ့)သည် သွေးလည်ပတ်မှုကောင်းစေသည့်ပြင် ရောင်ရမ်းနာအမျိုးမျိုးတို့မှ ကာကွယ်ပေးနိုင်၍ ခေါင်းအုံ၊ ခေါင်းခဲ၊ ခေါင်းကိုက်ခြင်းနှင့် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာများအတွက် သက်သာပျောက်ကင်းစေသည်။

စပျစ်သီးက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေကာ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို သိသိသာသာ လျော့ပါးသက်သာစေသည်။

အခွံမာသီး အစေ့အဆန်များအပြင် ရွှေဖရုံစေ့၊ နေကြာစေ့၊ နှမ်းစေ့၊ ဘိန်းစေ့ စားပါ။

လတ်ဆတ်သော အမဲသား၊ ကြက်သား၊ ငါး၊ ဝက်၊ ဘဲငန်းသားစားပါ။

လတ်ဆတ်သော ဟင်းသီးဟင်းရွက်ဖြစ်သည့် ဆလတ်ရွက်၊ ပန်းဂေါ်ဖီ(အဖြူ)၊ မုန်လာဥနီတို့သည် ခေါင်းတစ်ခြမ်းကိုက်ခြင်းအတွက် ဆေးဖက်ဝင်သည်။

အရည်ရွှမ်းပြီး လတ်ဆတ်သော သစ်သီးများ စားသုံးသင့်သည်။

## ရှောင်ရန်အစားအစာများ

ခေါင်းတစ်ခြမ်းကိုက်ဝေဒနာရှင်များက အောက်ပါ အစားအစာများကို အထူးရှောင်ရှားသင့်သည်။

ဘီစကွတ်မုန့်ကြွတ်များ၊ ပီဇာ၊ ပြောင်းဖူးပေါက်ပေါက် မစားသင့်ပေ။

အမဲအသည်း၊ ကြက်အသည်း မစားပါနှင့်။

အလွန်အချဉ်ဓာတ်များသောသစ်သီးများမစားရ။

ကြက်သွန်နီရှောင်ပါ။

## လွယ်ကူမြန်ဆန်သော ဆေးတစ်ခွက်

ရောဂါပျောက်ချင်စိတ်ဖြင့် ဈေးကွက်ထဲ ရောင်းချနေသော အင်္ဂလိပ်ဆေးတို့ ဝယ်သောက်ရပါသော်လည်း ဆေးသောက်ပြီး နှစ်နာရီခန့်တွင် သက်သာသကဲ့သို့ဖြစ်သွားပြီး ၎င်းနောက်ပိုင်းတွင် ခေါင်းကိုက်မြဲကိုက်တတ်သည်။ ထို့အတွက် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို သက်သာပျောက်ကင်းစေမည့် သဘာဝဆေးကောင်းတစ်လက်ရှိသည်။ သံပရာသီးနှင့် ဆားရှိရုံမျှဖြင့် ဆေးကောင်းတစ်ခွက်ရပါသည်။ နည်းလမ်းမှာ သံပရာသီးကို တစ်ခြမ်းခြမ်း၍ ဆားသုတ်ပြီး စားသုံးရမည်ဖြစ်သည်။ သို့သော် သဘာဝပင်လယ်ဆားကြမ်းဖြစ်ရပါမည်။

ဆားကြမ်းက ခေါင်းတစ်ခြမ်းကိုက်ရောဂါ အပါအဝင် ခေါင်းကိုက်ဝေဒနာအမျိုးမျိုးအတွက် ကောင်းကျိုးပြုရုံမျှမက ခန္ဓာကိုယ်ထဲရှိ အယ်လ်ကာလီနှင့် အီလက်ထရိုလိုက်တို့ကို မျှတစေကာ ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေနိုင်သည်။ သစ်သီးများထဲတွင် ရှားရှားပါးပါးတွေ့ရသော သဘာဝအယ်လ်ကာလီဓာတ်ကို သံပရာသီးထဲမှ ရရှိနိုင်သည်။ ၎င်းပင်လယ်ဆားကြမ်းနှင့် သံပရာသီးတို့ ပေါင်းစပ်ဓာတ်ပြုခြင်းက ခေါင်းတစ်ခြမ်းကိုက်ဝေဒနာအတွက် တန်ဖိုးရှိလှသော ကောင်းကျိုးရလဒ်ထွက်ရှိလာပါသည်။

အချုပ်ဆိုရသော် ခေါင်းတစ်ခြမ်းကိုက်ခြင်းကို လုံးဝပျောက်ကင်းအောင် ကုသရန်ခက်ခဲသော်လည်း ဝေဒနာဖြစ်ပွားမှု အကြိမ်ရေနှင့် ပြင်းထန်မှုတို့ကို တဖြည်းဖြည်း လျော့ပါးသက်သာစေသောနည်းဖြင့် ကုသရမည်ဖြစ်သည်။ သို့ပါ၍ စိတ်ရှည်ရှည်ထား၍ စနစ်တကျ ကုသရန်လိုအပ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဆရာမကြီး ဒေါ်ခင်သိန်း(ငြိမ်း)**
**အထက(၁)ဗဟန်း၊ အထက ဗထူး၊ အထက(၃)မိတ္ထီလာ**
**ဘီးလင်းမြို့နယ်အသင်း**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့နေ (ဒုတိယဗိုလ်မှူးကြီးခင်မောင်)၏ဇနီး၊ ဦးအုံ့မော် + ဒေါ်ဘောက်နန်တို့၏ မိခင်ကြီး ဆရာမကြီး ဒေါ်ခင်သိန်းသည် ၂၃-၆-၂၀၂၆ ရက်(အင်္ဂါနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။**

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



# ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကလေး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၈၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ စပါး ၃၈၀၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူများကို အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားကင်းစင်ဖို့၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူအသိပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျဉ်းမနားမြို့နယ် ဆန်းသစ်လွင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပျဉ်းမနား ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆန်းသစ်လွင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ဆန်းသစ်လွင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆန်းသစ်လွင်ကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကောင်စီခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သံသာ

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့တစ်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလထဲမှာလဲ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဆန်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀ မှ ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ ပိုမိုတင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မော်လမြိုင်မြို့နယ် သံကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင် ဇွန် ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံကပိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၂၅ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ



# ရေနံချောင်းမြို့နယ် ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၂၆ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် သိန်း ၉၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၆ သိန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နော်လူး

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရွာသစ်ရပ်ကွက်၊ မြို့ကြီးကျေးရွာ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျွန်တော် ဦးရဲမင်းထွန်း သည် အောက်ဖော်ပြပါ တံဆိပ်အမည်(၁)မျိုး

**၁။ လင်းလက်မောင်**

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါ သည်။

**ဆက်သွယ်ရန်**
**ဦးရဲမင်းထွန်း**
၉/တသန(နိုင်)၁၅၅၄၆၈
09-798829945၊ 09-459034014

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ တစီးရှင်ရပ်ကွက်မှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-12 ဖြေဆိုမည့် မောင်ဟိန်းထက်အောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခိုင်ဇော်လင်း** ဖြစ်ပါကြောင်း။ **ဦးခိုင်ဇော်လင်း(၉/တတဥ(နိုင်)၀၀၀၀၆၀)**

## ဖခင်အမည်မှန်

တံတားဦးမြို့နယ်၊ တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ထွန်းတောက်နေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှိုင်မြင့်ခိုင်** ဖြစ်ပါကြောင်း။ **ဦးလှိုင်မြင့်ခိုင်(၉/တတဥ(နိုင်)၁၀၅၄၈၄)**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ အမှတ်(၁၁၄)၊ ၁၆ လမ်း၊ ညံတောရပ်နေ ဒေါ်ကိုင် (ဘ) ဦးရှမ်းပါတ်(၁/မကန(နိုင်)၁၀၇၂၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-765144920**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ထန်းပင်ညွန့်ရွာနေ မခိုင်ဇင်လွင် (ဘ) ဦးစိန်မောင်တင်(၉/နထက(နိုင်)၁၈၀၆၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-892856461**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## MSMEs လက်ဖက်ရည်စကားဝိုင်း ဇွန် ၃၀ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

MSMEs လက်ဖက်ရည်စကားဝိုင်း (Tea Talk)ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ဇွန် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါလက်ဖက်ရည်စကားဝိုင်း၌ ခရီးသွားကဏ္ဍ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပြင်တွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ပွင့်လင်းမြင်သာစွာဆွေးနွေးသွားမည်ဖြစ်ပြီး ထိုသို့ဆွေးနွေးနိုင်ရန်နှင့် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ နှစ်ကြိမ်မ်တိုင်တိုင် ကျင်းပသွားရန် စီစဉ်ထားသည်။

ယင်းစကားဝိုင်းများမှ ရရှိလာသည့်ရလဒ်များကို အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများပါဝင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပသွားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ် ဘော်စဲခိုဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



နေပြည်တော် ဇွန် ၂၈

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)နှင့် ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီး ၁၃ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါအစီအစဉ်တွင် နှလုံးရောဂါဆိုင်ရာလူနာဦးရေ ၂၅၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၂၅၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၂၄ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ဦးရေ ၈၀၊ ဆီးချိုနှင့် ဟော်မုန်းရောဂါလူနာ ၂၀၈ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုလူနာ ၈၅ ဦး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်လူနာ ၃၉ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊

စာမျက်နှာ ၁၈ ကော်လံ ၁ ●

## Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲတွင် KSL FC အသင်း ချန်ပီယံဆု ဆွတ်ခူး




ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ KSL FC အသင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဦးစွာ Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချယ်ရီအာမီအသင်းနှင့် KSL FC တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ KSL FC က လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❖

### ကလေးခရိုင်တွင် ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

စာမျက်နှာ - ၂၇

### အမေရိကန်နှင့် အီရန်တို့ကြား စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွား

စာမျက်နှာ - ၆